# ဓိဋ္ဌာဓိဋ္ဌ ဗလက္ခဏာ ဓိတာဝနီ

၃
ဓ

သာယာဝတီဒီစတြိတ်။နိဒိတ်အပါ။

သုံးဆယ်မြို့နဂရား။သုပါရုံကျောင်းဝိဟာဝယ်။

လေးဖြာသော ယာပထဖြင့်။မျှတ-

သိတင်းသုံးတော် မူသော-(သုပါရုံ ဆရာတော်)

ဘုရားကြီး၏-အဋ္ဌဝါသိက။

(ဦးသာကေတ) မည်။

အနုထေရ်သည်။ စီရင် ရေးသား

အပ်သော၊

# မိတ္တာမိတ္တလက္ခဏာဝိဘာဝနီ။

ရန်ကုန်မြို့။ ဇမ္ဗူ့မိတ်ဆွေပိဋကတ်ပုံနှိပ်တိုက်။

1916

ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်
စာကြည့်တိုက်



U. THAKAYTA
Burmese Priest.
THONZE

# မာတိကာစဉ်။


| ဦးရေ၊ | ကျမ်းအမည်၊ | မျက်နှာ၊ |
|---|---|---|
| ၁ | ရတနတ္တယပဏာမ · အာစရိယပဏာမနှင့်တကွ၊အာဘိယာစကပဋိညာဉ်ကိုထင်စွာပြခဏ်း။ | ၃ |
| ၂ | မိတ္တ-အမိတ္တအရကိုဝစနတ္ထနှင့်တကွထင်စွာပြခဏ်း။ .... .... .... .... | ၈ |
| ၃ | အမိတ္တ-၄-မျိုးနှင့်တကွအကြောင်း-၁၆-ပါးကိုထင်စွာပြခဏ်း။ .... .... ... | ၁၀ |
| ၄ | ၎င်း အမိတ္တဟူ ရန် သူ-၄-မျိုး ကို၊ ဝေးစွာရှောင်ကြဉ်အပ်ကြောင်းကိုထင်စွာပြခဏ်း။ | ၁၅ |
| ၅ | မိတ္တ-၄-မျိုးနှင့်တကွ၊ အကြောင်း-၁၆-ပါးကို ထင်စွာပြခဏ်း။ .... .... .... .. | ၁၆ |
| ၆ | ၎င်းမိတ္တဟူသောခင်ပွန်း-၄ မျိုးကို၊ ရိုသေကြိုးနွံစွာပေါင်းသင်းဆက်ဆံအပ်ကြောင်းကိုထင်စွာပြခဏ်း။ .... .... .... .... | ၂၁ |
| ၇ | ပျားအုံခြတောင်ဘို့ကိုဥပမာထား၍၊ပစ္စည်းဥစ္စာကို တရားနှင့်အညီ ရှာဘွေ စုဆောင်း အပ်ကြောင်းကိုထင်စွာပြခဏ်း။ .... .... | ၂၂ |
| ၈ | မိတ္တာမိတ္တဇာတ်လာ၊ အမိတ္တလက္ခဏာ-၁၆-ပါးကို သရုပ်နှင့်တကွထင်စွာပြခဏ်း။ .... | ၂၅ |
| ၉ | မိတ္တ လက္ခဏာ-၁၆-ပါးကို သရုပ်နှင့်တကွထင်စွာပြခဏ်း။ .... .... .... .... | ၃၁ |
| ၁၀ | ကလျာဏမိတ္တ သပ္ပုရိသကိုသာ၊အဆွေ ခင်ပွန်းဖွဲ့၍မှီဝဲအပ်ကြောင်းကို ဓမ္မပဒပါဠိတော်ဖြင့်ထင်စွာပြခဏ်း။ .... .... .... | ၃၅ |

# မာတိကာစဉ်၊

| ဦးရေ | ကျမ်းအမည် | မျက်နှာ |
|---|---|---|
| ၁၁ | ဇနသန္ဓ ဇာတ်လာ၊ ငယ်ရွယ်စဉ် အခါကက လျှာထောဒ္ဓကိုမှီ၍ပြုသင့်ပြုထိုက်သောအမှု ကိုမပြုခြင်းကြောင့်၊ နောက်အိုမင်းသောအခါ ဝိပ္ပဋိသာရ ဖြစ်ရခြင်း အကြောင်း -၁၀-ပါး၊ ရှေးမဆွကပြုရအားထုတ်၍ ထားကြကဝိပ္ပဋိ သာရ မဖြစ်ရခြင်း အကြောင်း -၁၀-ပါးကို၊ ဝတ္ထုနှင့်တကွ ထင်စွာပြဆော်။ .... .... | ၃၆ |
| ၁၂ | အဓမ္မစရိယ ဝိသမစရိယကြောင့် အပါယ်သို့ လားရသည်ဟု မထင်ရှားသော ပုဏ္ဏားအား၊ ဘုရားဟောတော်မူသည်ကိုထင်စွာပြဆော်။ | ၄၃ |
| ၁၃ | ဓမ္မစရိယ သမစရိယကြောင့် နတ်ရွာသို့လား ရသည်ဟုမထင်ရှားသော ပုဏ္ဏားအား၊ဟော တော်မူသည်ကိုထင်စွာပြဆော်။ ... .... | ၄၄ |
| ၁၄ | ဥပါသကာတို့ မသွယ်အပ်သောကုန်-၅ မျိုး ကိုထင်စွာပြဆော်။ ... .... .... | ၄၆ |
| ၁၅ | ကျမ်းပြီးနိဂုံးကိုထင်စွာပြဆော်။ ... | ၄၇ |

မာတိကာပြီး၏။

# အဘိယာစကတို့၏တောင်းပန်လွှာ။

---

မိဒိတဗ္ဗောသိနေပဟာတဗ္ဗောတိဝိဇ္ဇော။ ဒိဋ္ဌတိသိနေပဟံကရော တိဝါ။ ။မိဒခါတ်-တ ပစ္စည်း။ကစ္စည်းပဟာသဒ္ဒါ။လာဟန်ဝိဂ္ဂဟာ။ အချက်ကျ ရှင်းရှင်း။ အကွက်လှ ကွင်းကွင်း။အနက်ပြ လင်းလိုက် သော်။ယော၊အကြောင်းပုဂ္ဂိုလ်ကို၊မိဒိတဗ္ဗောသိနေ ပဟာတဗ္ဗော၊လေါ ကုတ်လောကီ၊ နှစ်လီသော ကိုယ်ကျိုးစီးပွား၊ ကြီးအမားကို၊ များ များကြီးဘောင့်တဘတ်သောကြောင့်ချစ်အပ်၏။ ဝါ၊တဏှာလာနေဘံ ထပ်၊တဘိကပ်အလို၊ ထုတ်ဆိုသည့်ဝစနတ်၊ ကတ္တုသာဓ်အနက်၊ အဆက်ကိုပြပြန်မူ။ယော၊အကြောင်းပုဂ္ဂိုလ်သည်။ သိနေပဟံ၊ချစ်ခြင်း ကို။ဒိဒတိကရောဘိ၊ပြုတတ်၏။ဣတိ၊ သို့သို့ချစ်အပ် ချစ်တတ်၊နှစ် သကာတ်ကြောင့်။သော၊ထိုပုဂ္ဂိုလ်သည်၊ ဝိဇ္ဇော၊ ဒိဋ္ဌမည်၏။ ။ ဤသို့လာချက်။ ထိုအနက်ကို၊အချက်ကျရှင်းရှင်း။အကွက်ပြကွင်း ကွင်း။မမြင်ကြခြင်းကြောင့်။ ဒေသကဝိကလ၊ ခရီးညွှန် ကင်းသော ယောက်ျား။ ဒိုးနှင့်ကင်းသော ထောပတ်အလားကဲ့သို့။ ပျက်ပြား ကြဝေနေ။လူမိုက်ခြေဟူသမျှတို့ကို။ ကရုဏာရှေးရှု။ စိတ်ဝယ်ပြု ၍။ဘုန့်မိတ္တ။အဓိတ္တတို့၏။ပါဝစနဓိပ္ပါ။ သိနိုင်ရန်လင်္ကာကို။ထင် ဝှာမျက်မြင်။ ဝေပုဖြစ်ကျောက်ချက်ရှင်ကို။ လက်ဘင်၍ ပြဘိသို့။ ပါဠိအဋ္ဌကထာ။ကျမ်းဂန်လာဝင်း။ပိုင်းပိုင်းခြားခြား။ပိုင်းပိုင်းသါး သား။ ဆိုင်းမထားဘဲ။ တည့်မက်သည့် ချိန်အလားကဲ့သို့။ နောက် နောင်ရှည်လျား။ကျန်သောသူလူအများတို့။မှတ်သားနားလည်။အ တည်ပြုနိုင်ကြရန်။ကျနသေချွေ။ရေရေရာရာ။ သေသေချာချာ။ ဝေ ဝေဆာဆာ။ ဖြေဆို ဟောကြား သောအား။ ရေးသား ပါမည့်အ ကြောင်း-တောင်းပန်အပ်ပါသည်။

ဦးသုန္ဒရ-ဦးဥဇ္ဇောတ-တောင်းပန်သူ။

၁ အဘိဝုဍ္ဎပိယောနာထော၊လက္ခဏံယံ ဝိဘာဝိတံ။
ဝိဘာဝိယံ ဝိနေယျာနံ၊ပညာပေသိယထာတထံ။ ။
ပထျာဝတ္တဂါထာ။

၂ သုဝုဍ္ဎပိ ယော နာထော၊လက္ခဏံ ယံ ဝိဘာဝိတံ။
ဝိဘာဝိယံ ဝိနေယျာနံ၊ပညာပေသိယထာတထံ။ ။
ပထျာဝတ္တဂါထာ။

၃ တဿပါဒေနမဿိတွာ၊ဝိဘာဝေန္တဿသဒ္ဒနယော။
ဝိတ္တာဝိတ္တလက္ခဏာဋ္ဌ၊သမ္ဗုဒ္ဓဿမဟေသိနော။ ။
တတိယရကာရဝိပုလာပထျာဝတ္တ။

၄ သုဂန္ဓိရုံဘိပူဇိယ၊ကတွာသံဃဿစဋ္ဌပိံ။
ဂုရုံကလျာဏဝိတ္တဋ္ဌ၊သုဟာဒဋ္ဌအပဲ နမေ။ ။
ပထျာဝတ္တဂါထာ။

၅ သုနွရေနနိဝါတေန၊ ဥဋ္ဌောတေနစဘိက္ခုနာ။
သိလာစာရေဟိသမ္ပန္နာ၊ဘောဘိက္ခုအဘိယာစိတော။ ။

၆၊၁ သံခေပတောကဒိဿာဓိ၊လက္ခဏာဿဝိဘာဝနံ။ ။
ပထျာဝတ္တဂါထာ။

*စတုဝဏ္ဏဂါထာ၏ပထမပါဒဘိပူဇိယ၌ဆန်းကြောင့်ဒီဃ။

၁ ယောနာထော၊အကြင်လူသုံးပါးတို့၏ကိုးကားရာအစစ်ဖြစ်တော်မူသော မြတ်စွာဘုရားသခင်သည်။ ယံအဘိဝုဍ္ဎပိ၊ အကြင်အဘိဝုဍ္ဎဟူရန်သူ-၄ မျိုးကိုဉ်း။ယံလက္ခဏာဋ္ဌပိ၊အကြင်-၁၆ ပါးသောလက္ခဏာကိုဉ်း။ဝိဘာဝိတံ၊ထင်စွာ-ဂ-နှ-ပြတော်မူအပ်ပြီ။တံသဗ္ဗံ၊ထိုရန်သူ-၄-မျိုး၊အကျိုးမရ၊ ၁၆-ဝသော လက္ခဏာကို။ဝိဘာဝိယ၊သေချာ-ဂ-နှ-ထင်စွာပြပြီး၍။ ဝိနေယျာနံ၊ဝေနေယျခေါ်သို၊များလူဗိုလ်တို့အား။ ယထာတထံ၊ဟုတ်တိုင်းမှန်စွာ။ပညာပေသိ၊အပြားအားဖြင့်သိစေတော်မူ၏။

၂ ယောနာထော၊အကြင်လူသုံးပါးတို့၏ ကိုးကားရာအစစ်ဖြစ်တော်မူသော မြတ်စွာ ဘုရားသည်။ ယံသုဝုဍ္ဎပိ၊ အကြင်ကောင်းမြတ်လှပေ၊ မိတ်ဆွေ-၄-မျိုးကိုဉ်း။ ယံလက္ခဏာဋ္ဌပိ၊အ

ကြဉ် ၁၉ ပါးသောလက္ခဏာကိုင်း။ ဝိဘာဝိတံ၊ တင်စွာ ဂ-န-ပြ
တော်မူအပ်ပြီ၊ ကံသဉ္ဇာ၊ သိုမိတ်ဒွေ ၄ မျိုး၊ အကျိုးများလှ၊ ၁၉ ၀
သောလက္ခဏာကို၊ ဝိဘာဝိယ၊ သေချာ ဂ န ထင်စွာပြပြီ၍။ ဝိနေ
ယျာနံ၊ ဝိနေယျခေါ်ဆို၊ မှာ လူမိုလ်တို့အား။ ယထာတထံ၊ ဟုတ်
တိုင်းမှန်စွာ။ ပညာပေသိ၊ အပြားအားဖြင့်သိစေတော်မူ၏။

၃ အဟံ၊ ငါသည်။ ဝါ၊ ခန္ဓာနာမ်ရုပ်၊ အကောင်ဒုတ်ကို၊ သ
မုတ်ဝေါဟာ၊ သညာဘွဲ့ဘန်၊ ငါရဟန်းသည်။ ဝါ၊ ဆရာရှင်တို့၊ ခေါ်
တွင်ဘွဲ့သ၊ "သာကေတ" ဟု၊ နာမမည်ဆန်း၊ ငါရဟန်းသည်။ မိတ္တာ
မိတ္တလက္ခဏံ၊ မိတ္တအမိတ္တ၊ မိတ္တ-၄ မျိုး၊ အမိတ္တ ၄ မျိုး၊ ဤသူမိတ္တ၊ ဤ
သူအမိတ္တဟုသိကြောင်း၊ နိမိတ်အစိတ်အင်္ဂါ လက္ခဏာကို။ (စသဒ္ဒါ
ပဒါလက်ခံရ)။ ဝိဘာဝေဿ သ၊ အများဝေနေ၊ တို့တဝေ့ကို အခြေ
ကျကျ၊ ဟောပြတော်မူသော။ သဗ္ဗညုနော၊ လူသုံးပါးတို့၏ ဆရာ
တဆူဖြစ်တော်မူသော။ မဟောသဓေနာ၊ သီလက္ခန္ဓ၊ စသည်ကျေးဇူး၊
ဂုဏ်အထူးကို၊ ဆည်းပူးရှာမှီး၊ လေ့ကျက်ပြီးသော။ သမ္ဗုဒ္ဓဿ၊ ဉေ
ယျဓမ္မ၊ ငါးဌာနကို၊ တစမကျန်၊ သဗ္ဗညုတဉာဏ်ဖြင့် ထိုးထွင်း၍သိ
တော်မူပြီးသော။ တဿ၊ ထိုမြတ်စွာဘုရား၏။ ပါဒေ၊ ခြေတော်တို့
ကို၊ မနသိတွာ-နမာမိ၊ ဓာတ်ချွနွယ၊ ကပ္ပလဲဟု၊ နလာဋမည်၊ တည်
ခြင်းငါးဖြာ၊ တည့်အပ်စွာကြောင့်၊ တည်ခါ မြတ်နိုး၊ ရှိခိုးပါ၏။

၄ နမဿိတွာ၊ သုသို ကြည်နူး၊ ရှိခိုးဦး၍၊ သုဂမ္ဘီရံ၊ ဓမ္မ၏နက်
နဲခြင်း အတ္ထ၏နက်နဲခြင်း ဒေသနာ၏နက်နဲခြင်း ပဋိဝေဓ၏နက်နဲ
ခြင်းဟုဆိုအပ်သောနက်နဲခြင်းလေးဝဂ္ဂိဝ ၄-ပါးနှင့် ပြည့်စုံထ
သော။ ဓမ္မဥ္စ၊ ဆယ်ပါးသော တရားတော်မြတ်ကိုလည်း။ အဘိပူဇိ
ယ၊ ပူဇော်ပြီး၍။ သံဃဿ စ၊ ရှစ်ယောက်သောပရမတ္ထသံဃာအရိ
ယာပုဂ္ဂိုလ်မြတ်အားလည်း။ အဉ္ဇလိံ၊ ဆယ်စုံပေါင်းစည်း၊ လက်
သည်းရောင်ဖြင့်တောက်ပသောလက်အုပ်ကို။ ကတွာ၊ ထိပ်ထက်၌
တင်သည်ကိုပြု၍။ သုဟာဒဥ္စ၊ ကောင်းမြတ်သောစိတ်နှလုံးလည်းရှိထ
သော။ ကလျာဏမိတ္တဥ္စ၊ လောကဓမ္မ၊ နှစ်ဝအကျိုး၊ တိုးပွားစေ၍၊
သင်ခါပြသ၊ ဩဝါဒါနုသာသနဖြင့်၊ မပြတ်မထပ်ဆုံးမတတ်သည်

ဏ္ဍါ၏ဖြစ်ကြောင့်ကောင်းမြတ်သောအဆွေခင်ပွန်းလည်းဖြစ်တော်မူထသော။ဂရုဉ္စ၊ကျောက်သီးတန္တု၊အလေးပြုအပ်သောဆရာသခင်ကျေးဇူးတော်ရှင်အရှင်သူမြတ်ကိုလည်း။ အဟံ၊အကျွန်ုပ်သည်။နမေ-နမာမိ၊ကာယဝစီ၊မနောချိ၍၊သုံးလီဒွါရ၊ပဌာမဖြင့်၊ကြည်ဆွသဒ္ဓါ၊ရှိခိုးပါ၏။နတွာ၊ထိုသို့ကြည်နူး၊ရှိခိုးဦး၍။

၇ နိဝါတေန၊ နှိမ့်ချသောကိုယ်စိတ်ရှိသော။ သုဒ္ဓရေန၊ ဦးသုဒ္ဓရ၊နာမည်ဆွဲကြူး၊အမည်ထူးရှိသော။ဘိက္ခုနာစ၊ သံသရာဘေး၊လားမည်ရေးကို၊မြော်တွေးရှုတတ်၊ရဟန်းမြတ်သည်၎င်း။ဥဇ္ဇောတေန၊ဦးဥဇ္ဇောတ၊နာမည်ဆွဲကြူး၊အမည်ထူးရှိသော။ဘိက္ခုနာစ၊သံသရာဘေး၊မြန်စွာဝေးဘို့၊မြော်တွေးရှုတတ်၊ရဟန်းမြတ်သည်၎င်း။အဇ္ဈိဋ္ဌော၊ဇူဒိယါ၊ပထမျှ၊တမင်ငွေ့၊ရှိကြပေ၏။သီလ စါရေဟိ၊အကျင့်သီလ၊အာစာရတို့နှင့်။ သမ္ပန္နာ၊ကိုယ်စီကိုယ်င ပြည့်စုံလုံလောက်ကြကုန်သော။တေဘိက္ခူ၊ထ ရားနှလုံး ယူသုံးစွဲမြော်၊ထိုရဟန်းနှစ်ဘော်တို့သည်။အဘိယာစိတော၊ ရှေး ရှုတောင်းပန်အပ်သည်ဖြစ်၍။ဝါ၊တောင်းပန်အပ်သောကြောင့်။ဝါ၊တောင်းပန်အပ်သော။ အဟံ၊ငါသည်။လက္ခဏာသ-မိတ္တာမိတ္တလက္ခဏာသ၊မိတ္တအရအမိတ္တအရ၊မိတ္တ-၄-မျိုးအမိတ္တ-၄-မျိုး၊ဤသူကားမိတ်၊ဤသူကားအမိတ်ဟုသိကြောင်းနိမိတ်၊အစိတ်အင်္ဂါလက္ခဏာ၏။ဝါ၊လက္ခဏာကို။ဝိဘာဝနီ၊ထင်စွာပြရာပြကြောင်းဖြစ်ခြင်းကြောင့်“မိတ္တာမိတ္တလက္ခဏာဝိဘာဝနီ” အမည်ရှိသော ကျမ်းကို၊ သံခေပတော၊ အကျဉ်းအားဖြင့်။ကရိဿာမိ၊ရေးသားစီစဉ်၊ပြုပြင်ပေအံ့သတည်း။

ဤကားပဌာမ-အဘိယာစကနှင့်-ပဋိညာဉ်ကိုသင်စွာပြခဏ်း။

| *ပါဠိ။ | | မြန်မာ။ | | ကောက်နှုတ်ချက်။ |
| --- | --- | --- | --- | --- |
| *မိတ္တ | ၄ | မိတ်ဆွေ | ၁၆ | ပေါင်းသင်းအပ်သော အင်္ဂါလက္ခဏာရှိသူ။ |
| *အမိတ္တ | ၄ | ရန်သူ | ၁၆ | မပေါင်းသင်းအပ်သော အင်္ဂါလက္ခဏာရှိသူ။ |
| *လက္ခဏာ | ၁၆ | မှတ်ကြောင်း | ၁၆ | ပေါင်း သင်း ရန်-ရှောင်ကြဉ်ရန်။ |
| *ဝိဘာဝနီ | ၈၂ | ထင်စွာပြသည် | ၈၂ | သိကြကိုးရာ၊ |
| *မိတ္တပဋိရူပက | ၄ | မိတ်ဆွေတု-ယောင် | | ရန်သူ။ |

မိတ္တ၊ အမိတ္တ-လက္ခဏာ-ဝိဘာဝနီ။

# မိစ္ဆာမိစ္ဆလက္ခဏာဝိဘာဝနီ။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

တောင်းပန်လွှာပ၊ အဘိယာစကပုဂ္ဂိုလ်တို့၏မိစ္ဆာပယူသောအ ဆွေခင်ပွန်း၏လက္ခဏာ၊ မိစ္ဆာပဋိရူပက ပစ္စာမိစ္ဆာ အမိစ္ဆာပယူသော ရန်သူ၏လက္ခဏာကိုမည်ကဲ့သို့ သိရပါမည်နည်း။ ဟိုသူတို့အား သိနိုင်ရန် အကြောင်းနိမိတ်။အဓိပ် အင်္ဂါ။လက္ခဏာကို။ ထင်ရှား ပြက်ပြက်။ တံဆိပ်နှိပ်သကဲ့သို့။ မိန့်ကြားသောအခါ။ မှတ်နှုန် ရေးသား၍။ပေးသနားပါမည့်အကြောင်းနှင့်။ တောင်းပန်လျှောက် ထားကြသောလျှောက်လွှာအရ။ ။တိလောကဂုရုပတိ။ မုနိပုင် ဝ။သမ္ဗုဒ္ဓတာသူ။ သယမ္ဘူ။ဖြစ်တော်မူသောငါတို့၏သခင်။ ဘုရင် ခေါ်ဖျား။ စေဘုရား၏။ ဟောကြား ညွှန်ပြ။ ဓမ္မဒေသနာ တော် သည်။ ။ဒွေမာဘိက္ခဝေတထာဂတဿ ဓမ္မဒေသနာ။ ကတမာ ဒွေ။ သံခိတ္တေနစဝိတ္ထာရေနစ။ ဣမာခေါဘိက္ခဝေ ဒွေတထာဂတ ဿဓမ္မဒေသနာတိ၊ဟု ဟောတော်မူအပ်သော ဒုကနိပါတ် အင်္ဂုတ္တိုရ်ပါဠိတော်၌။ ။သံခိတ္တေနဝိတ္ထာရေနစာတိ သံခိတ္တဓမ္မဒေ သနာဝိတ္ထာရဓမ္မဒေသနာစာတိ ဒွေယေဝဓမ္မဒေသနာတိ ဒဿေ တိ၊ဟုအဋ္ဌကထာဆရာမိန့်အပ်ရကား။မြတ်စွာဘုရားဟောကြား တော်မူအပ်သောဓမ္မဒေသနာတော်သည်။ရသအားဖြင့်တပါး၊ဒေ သနာအားဖြင့်သုံးပါး၊ သာသနာအားဖြင့်သုံးပါး၊ ကထာအားဖြင့် သုံးပါး၊ပိဋကတ်အားဖြင့်သုံးပါး၊နိကာယ်အားဖြင့်ငါးပါး၊ အင်္ဂါ အားဖြင့်ကိုးတန်၊ ဓမ္မခန်အားဖြင့် ရှစ်သောင်းလေးထောင်တို့တွင်။ အကျဉ်းအားဖြင့် ဟောကြားတော်မူအပ်သော သံခိတ္တဓမ္မဒေသ နာ၊အကျယ်အားဖြင့်ဟောကြားတော်မူအပ်သောဝိတ္ထာရဓမ္မဒေ သနာဟူ၍၊နှစ်မျိုးနှစ်စားပိုင်းခြားတော်မူခဲ့ရကား။ဆရာအားလျော်

ဗ္ဗာ၊ပါဠိ-အဋ္ဌကထာ-ဋီကာဝစန၊နယပဒေသ၊အာစရိယမုဋ္ဌိ၊လက်
ဆုပ်သက်ကိုင်၊ဖိုင်ဖိုင်တိတိ၊ရှိသည့်အတိုင်း၊ ဆစ်ပိုင်းဘျူန၊ပဒ-
ဗျဉ္ဇန၊ခရာ-ဝါကျ၊အတ္ထဓိပ္ပါယ်၊ အသွယ်သွယ်တို့ကို၊ သူတော်
ကောင်းတို့၏ဟောကြားပြသဆုံးမတော်မူအပ်သေးသောဒွမ်မှု၏မြေ
မှိန်ကွယ်ပျောက်စေခြင်းငှါ၊မကောင်းသောထားခြင်း၊ မကောင်း
သောဆောင်ယူခြင်းမှကြဉ်ရှောင်၍။ ။ဋ္ဌမေဘိက္ခဝေဓမ္မာသဒ္ဓ
မ္မဿဌိတိယာအသံမောသာယ အနန္တရဓာနာယ သံဝတ္တန္တိ။အာ
စရှိသော အားဖြင့် ဟောကြားတော်မူအပ်သော ဒုကနိပါတ် အင်္ဂု
တ္တိုရ်ပါဠိတော်မြတ်နှင့်အညီ။ ဘုရားအစဉ့်ကုန်သော အဋ္ဌိယာအ
ပေါင်းသူတော်ကောင်းတို့၏ လမ်းကြောင်းမှန်လှသဒ္ဓမ္မ၏မြင့်ရှည်
များမြောင်၊ နှစ်ငါးထောင့်တည်စေခြင်းငှါရင်။ ငေးသိမ်မှေးမှိန်
ခြင်းမရှိ၊ပကတိအရောင်ဖြင့်၊တော လောင်ဘနန်းရှုမခန်းအောင်၊
ပွန်းပြောင်ထိန်ဝင်းစေခြင်းငှါရင်း။ကောင်းသေါထားခြင်းကောင်း
သောဆောင်ယူခြင်းဖြင့်၊သုနိက္ခိတ္တသုနီတဖြစ်အောင် အကျဉ်းဘံ
ခိတ္တအားဖြင့်ဆောင်ယူရေးသားပေအံ့။

မိတ္တာမိတ္တလက္ခဏာဝိဘာဝနီပမည်သောအမည်လိပ်တွင်။ မိတ္တာ
မိတ္တပမည်သောပုဒ်ကို၊မိတ္တအမိတ္တဟုဖြတ်ရမည်။ ထိုနှစ်ပုဒ်တို့တွင်။
အမိတ္တပမည်သောပုဒ်သည်လည်း။ ။အမိတ္တောဒိပုဝေရိ၊သပတ္တာ
ရာတိသတ္တရိ၊စသောအားဖြင့်။မာဂဓအဘိဓါန်၌မိန့်အပ်သောရန်
သူဟောပရိယာယ်-၁၉-ပုဒ်တို့တွင်။အမိတ္တပမည်သည်၊ရန်သူဟော
ပရိယာယ်တပုဒ်ပင်ဖြစ်သည်။ဤ၌-အ-သဒ္ဒါသည်၊နသေဓန ပဋိပ
က္ခအနက်နှစ်မျိုး၌ဖြစ်၏။ ။မိတ္တပဋိပက္ခတ္တာအမိတ္တော၊ဟုအဘိ
ဓာန်ဋီကာမိန့်ခြင်းကြောင့်၊ချစ်အပ်ချစ်တတ်သော အဆွေခင်ပွန်း
၏ဆန့်ကျင်ဘက်ဖြစ်သောသူကို မချအားဖြင့် အမိတ္တရန်သူပ၍
မှတ်။ မိဒသ္နေဟေ။ ဘုဝါဒိတောဟု၊ သဒ္ဒါကျမ်းအဘိဓာန်ဋီကာ
ကျမ်း တို့၌ မိန့်အပ်ရကား၊ မိဒဓာတ်၊ ဘုဝါဒိဂိုဏ်း-တ-ပစ္စည်း
တည်။ မိဒဓာတ်ကား၊ ချစ်ခြင်းအနက်၌ဖြစ်၏။ဝိဂြိုဟ်ဆိုမူ။မိဒ်တိ
မေ့ာသ္နေဟတ္ပမ္ဗောတိမိတ္တော၊ဟုကမ္မသာဓ်ပြုရာ၏။ ။ယောပုဂ္ဂ

လော၊အကြင်ပုဂ္ဂိုလ်ကို။ မိဒိတဗ္ဗောသ္နေဟောတဗ္ဗော၊ သူတပါးတို့ကချစ်အပ်၏။ဣတိ၊သို့ကြောင့်။သောပုဂ္ဂလော၊ထိုပုဂ္ဂိုလ်သည်။မိတ္တော၊မိတ္တမည်၏။ ။အရကား၊သူတပါးတို့သည်ချစ်ခင်အပ်သောအင်္ဂလက္ခဏာနှင့်ပြည့်စုံသောအဆွေခင်ပွန်းရ၏။*။ဤ၌မေတ္တာပေမတဏှာပေမအားဖြင့်ချစ်ခြင်းနှစ်မျိုးတွင်။မေတ္တာပေမ၊မေတ္တာအစွမ်းဖြင့်ချစ်ခြင်းကို ရချအားဖြင့်ယူအပ်၏။*။တနည်းကား၊မိဒတိသ္နေဟံကရောတီတိမိတ္တော၊ဟုကဏ္ဍသာဓိပြုရာ၏။ ။ယောပုဂ္ဂလော၊ အကြင်ပုဂ္ဂိုလ်သည်။မိဒတိသ္နေဟံကရောတိ၊ သူတပါးတို့အားချစ်ခြင်းကိုပြုတတ်၏။ဣတိ၊သို့ကြောင့်။ သောပုဂ္ဂလော၊ထိုပုဂ္ဂိုလ်သည်။မိတ္တော၊မိတ္တမည်၏။ ။အရကား၊သူတပါးတို့အား ချစ်ခြင်းကိုပြုတတ်သော အင်္ဂလက္ခဏာနှင့် ပြည့်စုံသောပုဂ္ဂိုလ်ပင်ရ၏။ ။တနည်းကား၊မိဒတိသ္နေဟတိမေတ္တာယတီတိမိတ္တော၊ဟုကဏ္ဍသာဓိပြုရာ၏။ ။မေတ္တာယဓမ္မတာတိယာ၊ဤတရားသဘောဖြင့်။မိဒတိသ္နေဟတိ၊ သူတပါးတို့အားချစ်တတ်၏။ဣတိ၊ သို့ကြောင့်။သာဓမ္မတာတိ၊ထိုတရားသဘောသည်။မိတ္တာ၊မိတ္တမည်၏။ ။အရကား၊တရားသဘောရ၏။*။သို့ကြောင့်၊ချစ်အပ်သောပုဂ္ဂိုလ်၊ ချစ်တတ်သော ပုဂ္ဂိုလ်၊ တရားသဘော၊ ၎င်းသုံးမျိုးသုံးပင်မိတ္တမည်၏ဟူ၍မှတ်။*။အ-သဒ္ဒါ၏ နိသေဓ- ပဋိပက္ခအနက်ရှိခြင်းကြောင့်။အပြာဟ္မဏောဟူသောဥဒ်ကဲ့သို့။နမိတ္တော အမိတ္တော၊ဟုတပ္ပုရိသ်သမာသ်တွဲရာ၏။ ။မိတ္တော၊ချစ်အပ်သည်။န၊မဟုတ်။ အမိတ္တော၊ချစ်အပ်သည်မဟုတ်။ ။ရန်သူရ၏။ ။နတ္ထိမိတ္တောဧတဿာတိအမိတ္တော၊ဟူ၍လည်း ပြုရာ၏။ ။ဧတဿပုဂ္ဂလဿ၊ထိုပုဂ္ဂိုလ်အား။မိတ္တော၊ ချစ်တတ်သောအဆွေခင်ပွန်းသည်။ နတ္ထိ၊ မရှိ။ ဣတိ၊ သို့ကြောင့်။ သောပုဂ္ဂလော၊ထိုပုဂ္ဂိုလ်သည်။ အမိတ္တော၊ အမိတ္တမည်၏။ ။ရန်သူပင်ရ၏။ ။အ-သဒ္ဒါ၏ပဋိပက္ခအနက်ကိုဆိုခဲ့ပြီးသောအဘိဓာန်ဋီကာအတိုင်းပင်သိအပ်၏။

ဤကားအမိတ္တ၏အရတည်း။

မိတ္တဟူသောပုဒ်သည်လည်း။ ။မိဒ္ဒော-နိဒ္ဒိဝယသောစ၊သဟာ ယေသုဟာဒ္ဒေါသော၊ ဟူ၍မာဂဓအဘိဓာန်၌ မိန့်အပ်သော အဆွေခင်ပွန်းဟော ပရိယာယ်-၅-ပုဒ်တို့တွင်၊ ပရိယာယ်တပုဒ်ပင်ဖြစ်သည်။ ဤ၌ဓာတ်အရပစ္စည်းအရစေနတ္တတို့ကို အမိဒ္ဒ-ပုဒ်၌ဆိုအပ်ခဲ့ပြီးသည့်အားလျော်စွာသိအပ်ကုန်၏။ ။အထူးကား၊မိတ္တဟူသောပုဒ်၌။မိဒဓာတ်၏၊သ္နေဟာ၊ချစ်ခြင်းအနက်သည်လည်း။မေတ္တာအဆီအနှစ်ဟူသောချစ်ခြင်း ပီတိဖြင့်ချစ်ခြင်းဟူ၍နှစ်မျိုးရှိ၏။ ထိုနှစ်မျိုးတို့တွင်၊ ဤမိဒဓာတ်၏မိတ္တအရာ၌မူကား၊မေတ္တာအဆီအနှစ်ဟုဆိုအပ်သောချစ်ခြင်းကိုသာယူရမည်။ ။သို့ကြောင့်။ သ္နေဟောနာမ ဝသာသံခါတောသ္နေဟောပီတိသ္နေဟောတိဒုဝိဓော။ ဇုဝပန ဝသာသံခါတောသ္နေဟောအဓိပ္ပေတော၊ ဟုသဒ္ဒနီတိဆရာမိန့်တော်မူ၏။ ။သ္နေဟောနာမ၊ချစ်ခြင်းမည်သည်ကား။ဝသာသံခါတော၊အဒေါသစေတနာမေတ္တာအဆီဟုဆိုအပ်သော။သ္နေဟော၊ချစ်ခြင်းရင်း။ ပီတိသ္နေဟော၊ပီတိဖြင့်ချစ်ခြင်းရင်း။ ဇုတိ၊ဤသို့။ ဒုဝိဓော၊ နှစ်ပါးအပြားရှိ၏။ ဇုဝပန၊ ဤမိဒဓာတ်၏ အရာ၌မူကား။ဝသာသံခါတော၊အဒေါသစေတနာမေတ္တာအဆီဟုဆိုအပ်သော။သ္နေဟော၊ချစ်ခြင်းကို။အဓိပ္ပေတော၊အလိုရှိအပ်၏။ ။ဤကားအနက်။

## မိတ္တအရပြီး၏။

မိတ္တအမိတ္တတို့၏လက္ခဏာကိုမည်ကဲ့သို့သိရပါမည်နည်း။သိနိုင်ရန် အကြောင်းနိမိတ်အဖွဲ့တ်အင်္ဂါ လက္ခဏာကို ထင်လျှားစွာရေးသား၍၊ ပေးသနားတော်မူပါမည့် အကြောင်းနှင့်၊ တောင်းပန်လျှောက်ထားကြသောလျှောက်လွှာ၌။ ။လက္ခဏာကိုမသင်မှီရှေးဦးစွာမိတ္တအမိတ္တအဖြစ်ကို အနုလောမအားဖြင့်၊ ထင်လျှားစွာသိသင့်သိထိုက်သိအပ်ပေ၏။ထိုမိတ္တအမိတ္တအဖြစ်ကို၊သေချာ-ဂ-နှသိရပြီးမှ၊မှတ်ကြောင်း လက္ခဏာကို ကောင်းစွာသိအပ်ပေ၏။တနည်းမှာမူ။ ထိုမိတ္တအမိတ္တ အဖြစ်ကိုမှ၊ ကျ-နှ-သေချာမသိပါက၊

နောင်ပြလတ္တံ့ဖြစ်သောလက္ခဏာကိုထင်လျှားစွာသိနိုင်တော့မည်မဟုတ်။ မူလအချက်ဖြစ်သောမိတ္တအမိတ္တအဖြစ်ကို၊ သေချာ-ဂ-နှ ရှေးဦးစွါသိနိုင်ပါမှ၊ လက္ခဏာအရကို၊ ထင်လင်းစွာသိနိုင်ကြမည်။ သို့အတွက်မူလအချက်ကြီးဖြစ်သောမိတ္တအမိတ္တအဖြစ်ကို ရှေးဦးစွာပြပေအံ့။

ထိုနှစ်မျိုး နှစ်စားတို့တွင်။ အမိတ္တ အဖြစ်ကို၊ ရှေးဦးစွာ ပြော အပ်ရကား။ ၎င်းအမိတ္တကို ဤဆိုလတ္တံ့သော သာဓကဉာပကပါဠိတော်ဖြင့်ထင်စွာသိအပ်၏။

စတ္တာရောမေဂဟပတိပုတ္တအမိတ္တာမိတ္တပတိရူပကာဝေဒိတဗ္ဗာ။ အညဒတ္ထုဟရောအမိတ္တောမိတ္တပတိရူပကောဝေဒိတဗ္ဗော။ ဝစီပရမောအမိတ္တောမိတ္တပတိရူပကောဝေဒိတဗ္ဗော။ အနုပ္ပိယဘာဏီအမိတ္တောမိတ္တပတိရူပကောဝေဒိတဗ္ဗော။ အပါယသဟာယော အမိတ္တောမိတ္တပတိရူပကောဝေဒိတဗ္ဗော။ ။သိင်္ဂါလသုတ်ပါဠိတော်။

ဂဟပတိပုတ္တ၊ သူကြွယ်သားသိင်္ဂါလ။ မိတ္တပတိရူပကာ၊ အဆွေခင်ပွန်းယောင်ဆောင်ကုန်သော။ ဝါ၊ အဆွေခင်ပွန်းတုမျှသာဖြစ်ကုန်သော။ စတ္တာရော၊ လေးယောက်ကုန်သော။ ဣမေအမိတ္တာ၊ ဤမိတ္တမမည်ကုန်သော သူတို့ကို။ ဝါ၊ ရန်သူတို့ကို။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။ အညဒတ္ထုဟရော၊ အခါခပ်သိမ်း ဥစ္စာကို ဆောင်ယူတတ်သော။ မိတ္တပတိရူပကော၊ အဆွေခင်ပွန်းယောင်ဆောင်သော။ ဝါ၊ အဆွေခင်ပွန်းတုမျှသာဖြစ်သော။ အမိတ္တော၊ မိတ္တမမည်သော သူကို။ ဝါ၊ ရန်သူကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။ ၁ ။ ဝစီပရမော၊ နှုတ်သာလျှင်ပမာဏရှိသော။ ဝါ၊ နှုတ်ထွက်စကားမျှဖြင့်သာလျှင် ပေးတတ်သောပြုတတ်သောသူကဲ့သို့သော။ မိတ္တပတိရူပကော၊ အဆွေခင်ပွန်းယောင် ဆောင်သော။ ဝါ၊ အတုမျှသာဖြစ်သော။ အမိတ္တော၊ မိတ္တမမည်သောသူကို။ ဝါ၊ ရန်သူကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။ ၂ ။ အနုပ္ပိယဘာဏီ၊ ချစ်ဘွယ်သောစကားကိုပြောဆိုတတ်သော။ မိတ္တပတိရူပကော၊ အဆွေခင်ပွန်းယောင်ဆောင်သော။ ဝါ၊

အတုမျှသာဖြစ်သော။အမိတ္တော၊မိတ္တမမည်သောသူကို။ဝါ၊ရန်သူကို။ဝေဒိတဗ္ဗော၊သိအပ်၏။ ၃ ။အပါယသဟာယော၊ စည်းစိမ်ဥစ္စာပျက်စီးကြောင်းတို့၌ အပေါင်းအဖေါ်ဖြစ်သော၊ မိတ္တပတိရူပကော၊ အဆွေခင်ပွန်းယောင် ဆောင်သော၊ ဝါ၊ အတုမျှသာဖြစ်သော။အမိတ္တော၊မိတ္တမမည်သောသူကို။ဝါ၊ရန်သူကို၊ဝေဒိတဗ္ဗော၊သိသင့်သိထိုက်သိအပ်၏၊ ၄ ။ဤကားပါဠိတော်၏အနက်။

ဤပါဠိတော်ဖြင့်၊ အမိတ္တ မိတ္တပတိရူပကဟူသော ရန်သူ-၄-ယောက်ကို သိသင့် သိထိုက် သိအပ်တော့သည်သာလျှင်တည်း။ ထို-၄-ယောက်တို့တွင်လည်း။ တယောက်တယောက်၌ သိအပ်သော အကြောင်းတရား-၄- ပါးစီရှိရကား။ ထိုအကြောင်းတရား ၄-ပါးတို့ဖြင့်၊ထင်လျှားစွာသိရမည်။

၁ မိမိအကျိုးကိုသာ ငဲ့၍ မှီဝဲလာသော အညဒတ္ထုဟာရအဆွေခင်ပွန်းတု၌သိရန်အကြောင်းမှာ။ ၁ ။အခါခပ်သိမ်းဥစ္စာကိုဆောင်ယူတတ်ခြင်းအကြောင်းတပါး။ ၂ ။အနည်းငယ်မျှသောမိမိဥစ္စာဖြင့်။ များလှစွာသော သူတပါးတို့၏ဥစ္စာကို အလိုရှိတတ်ခြင်းအကြောင်းတပါး။ ၃။မိမိအားဘေးဖြစ်သည်ရှိသော်။ထိုသူ၏ကျွန်ကဲ့သို့၊ ထိုထိုအမှုကြီးငယ်ကိုပြုခြင်းအကြောင်းတပါး။*။ဤ၌အခါခပ်သိမ်းပြုသည်ကို မဆို။ချစ်ခြင်းကြောင့်ပြုသည်မဟုတ်။ ဘေးတွေ့မှသာပြုသည်ကို ဆိုလိုသည်။ ၄ ။မိတ္တသန္ထဝ၏အစွမ်းအားဖြင့်မှီဝဲလာသည်မဟုတ်။မိမိအကျိုးကိုသာလျှင် မြော်ကိုးတောင့်တလျက်မှီဝဲလာခြင်းအကြောင်းတပါးအားဖြင့်-၄-ပါးဖြစ်လတည်း။ဤ-၄-ပါးသောအကြောင်းတို့ဖြင့်၊ရှေးဦးစွာသောအညဒတ္ထုဟာရအဆွေခင်ပွန်းတုကိုသိရမည်။

နှစ်ယောက် မြောက်သော ဝစီပရမ အဆွေ ခင်ပွန်းတုကို အဘယ်အကြောင်းတို့ဖြင့်၊သိရပါမည်နည်းဟူမူ။ ၁ ။အပေါင်းအဖေါ်တို့လာရောက်ကုန်သည်ရှိသော်။အသင်တို့သည်ယမန်နေ့က၊ဤအချိန်အခါ၌မလာမရောက်ကြကုန်။ အကယ်၍လာရောက်ကြပါမူကား။ဤအချိန်အခါ၌ငါတို့သည်။ အသင်တို့၏အဘို့အရာသ

လေးစပါးမှ ယောစပါးတို့ကို နယ်ဖတ်၍၊ ခရီးကို ငံ့မျှော်ခါနေကြကုန်၏။ ယနေ့မှုကား။ ကုန်ခြင်းသို့ ရောက်ပြီဟု၊ လွန်ပြီးသော အကြောင်းဖြင့် ပြောဆိုချီးမြှောက်ဘာဘ်ခြင်းအကြောင်းတပါး။ ၂ ။ ဆိုခဲ့ပြီးသောနည်းအားလျော်စွာ။နောင်လာလတ္တံ့သောအကြောင်းဖြင့်ချီးမြှောက်တတ်ခြင်းအကြောင်းတပါး။ ၃ ။အကျိုးမပြီး၊အချည်းနှီးသော စကားဖြင့်၊ ချီးမြှောက်တတ်ခြင်းအကြောင်းတပါး။ *။ဤ၌အချည်းနှီးသောစကားဆိုသည်မှာ၊ ဆင်စီး၍လာသော၊ မြင်းစီး၍လာသေါ်သဟာယကိုမြင်၍၊သူငယ်ချင်းလာလှည့်၊ဤနေရာ၌ထိုင်ပါစသည်ဖြင့်ဆိုခြင်း။ရှုစချင်ဘွယ်နှစ်လိုဘွယ်ရှိသော်ပုဆိုးစသည်ကိုဝတ်၍၊ သူငယ်ချင်း၊ ငါ့အား ဤဝတ်ဆင်သော ပုဆိုးစသည်သည်လျောက်ပတ်၏။ ငါနှင့်လျော်၏။ဤမှတပါး၊ ဝတ်ဆင်ဘွယ်ရာပုဆိုးအင်္ကျီသည်၊ ငါ့အံ့ားမရှိတော့ပြီဟု စသော အားဖြင့်ဆိုခြင်းကို ဆိုလိုသည်။ ၄ ။ပစ္စုပ္ပန်ဖြစ်ကုန်သော အမှုကြီးငယ်ရှက်ဆောင်ဘွယ်တို့၌၊ပျက်စီးခြင်းကိုပြတတ်ခြင်းအကြောင်းတပါးဟူ၍-၄ ပါးသောအကြောင်းတို့ဖြင့်သိသင့်သိထိုက်ပေ၏။

သုံးယောက်မြောက်သောအနုပိယဘာဏီမည်သော အဆွေခင်ပွန်းတုကို အဘယ်အကြောင်းတို့ဖြင့်သိရပါမည်နည်းဟူမူ။၁။ သူ့နှစ်ယောက်တို့တွင်၊ တယောက်သော သူက၊ သူငယ်ချင်း၊ ပါဏာတိပါတစသောဒုစရိုက်တို့တွင်၊ဤအမည်ရှိသောဒုစရိုက်ကိုပြုကြကုန်စို့အံ့ဟု၊တိုင်ပင်ပြောကြားသော်၊ အဆွေကောင်းပြီ။ပြုကြကုန်အံ့ဟု၊ထိုသူအားမကောင်းမှု၌ ခွင့်ပြုတတ်ခြင်းအကြောင်းတပါး။ ၂ ။ကောင်းသောအမှုသုစရိုတတို့ကိုလည်း ဆိုခဲ့သည်အားလျော်စွါ၊တိုင်ပင်ပြောကြားက။ထိုသူအားခွင့်ပြုတတ်ခြင်းအကြောင်းတပါး။ *။ဤအရာ၌ကောင်းမြတ်သော ဒါနစသော သုစရိုတ်တရားကို ပြုကျင့်ရာ၌ အလိုတူပါလျက်၊ အဘယ့်ကြောင့်မိတ္တပတိရူပကရန်သူဖြစ်ရမည်နည်းဟူမူ။ ကောင်းမြတ်သောသုစရိုတ်တရားကိုပြုရာ၌တိုင်ပင်ပြောကြားသဖြင့်၊အလိုတူငြားသော်လည်း။ ကာယဝိညတ် စေတနာ၃မနော သဘောကမပါ၊အနုပိယ

ဘာဏီမှုသါရှိသဖြင့်၊ သဟာယအားအလိုလိုက်၍၊ စိတ်အကြိုက်ကိုစရိုက်အားလျော်စွာ၊ ပြောကြားတတ်ခြင်းကြောင့်တည်း။ မဆန့်ကျင်လိုသော သဘောထားဖြင့်၊ လေစဉ်ကို ကြည့်၍ ရွက်တိုက်သော လှေသူကြီးကဲ့သို့၊ စိတ်ထဲကမပါ ပြောသော်လည်း။ ထိုက်လျော်စွာ အချစ်မပျက်အောင်။ ပြောကြားခွင့် ပြုရသောကြောင့်တည်း။ ထိုသသူကိုဒိတ်စစ်မဟုတ်၊ မိတ္တပတိရူပကဖြစ်သောရန်သူဟူ၍ဆိုအပ်သတည်း။ ။သို့အတွက် ဤသို့သဘောရှိသောပုဂ္ဂိုလ်မျိုးကိုရန်သူပင်ဟူ၍မှတ်ရမည်။ ၃ ။သိုသဟာယအားရှေ့တွင်မျက်မှောက်၌၊ ချိုးပွမ်းသော စကားကို ပြောဆို တတ်ခြင်း အကြောင်းတပါး။ ၄ ။မမြင်ရာမျက်ကွယ်၌၊ကဲ့ရဲ့ရှုတ်ချ ဒေါသစကားကိုပြောဆိုတတ်ခြင်းအကြောင်းတပါးဟူ၍ ဆိုခဲ့ပြီးသော ၄-ပါးသောအကြောင်းတို့ဖြင့်သိရမည်၊ သိသင့်သိထိုက်သိအပ်၏။

၄-ယောက်မြောက်ဖြစ်သောအပါယသဟာယမည်သောအဆွေခင်ပွန်းတုကို၊အဘယ်အကြောင်းတို့ဖြင့်။သိရပါမည်နည်းဟူမူ။ ၁ ။သုရာ-၅-ပါး၊ မေရယ-၅-ပါးတို့ကို သောက်စားမူးယစ်ခြင်းကြောင့် ဖြစ်သော ကုသိုလ်ကောင်းမှုတို့၌ မေ့လျော့ပေါ့ဆခြင်းအကြောင်း၌နှင့် ယှဉ်ရာ၌၊ အပေါင်းအဖေါ် ဖြစ်တတ်ခြင်းအကြောင်း တပါး။ ၂ ။အခါမဲ့ အချိန်မဟုတ်၊ လှည့်ပတ်သွားလာခြင်းကို ပြုခြင်းနှင့် ယှဉ်ရာ၌၊ အပေါင်း အဖေါ်ဖြစ်တတ်ခြင်း အကြောင်းတပါး။ ၃ ။ပွဲလမ်းသဘင် ရှိရာအရပ်သို့ လှည့်လည်သွားလာခြင်း၌ အပေါင်းအဖေါ်ဖြစ်တတ်ခြင်း အကြောင်းတပါး။ ၄ ။ကြွေပစ်- အန်ခတ် ကစားခြင်း တည်းဟူသော ကုသိုလ်ကောင်းမှုတို့၌မေ့လျော့ခြင်းအကြောင်းနှင့်ယှဉ်ရာ၌၊ အပေါင်းအဖေါ် ရှိတတ်ခြင်းအကြောင်းတပါးဟူ၍။ဆိုအပ်ခဲ့ကုန်ပြီးသော-၄-ပါးကုန်သောအကြောင်းတို့ဖြင့်သိရမည်၊ သိသင့်သိထိုက်သိအပ်၏။

ဆိုခဲ့ပြီးသောသိင်္ဂါလသုတ်ပါဠိတော်လာဒေသနာအစဉ်ဖြင့်၊ အညဒတ္ထုဟာရ၊ ၁ ။ဝစီပရမ။ ၂ ။အနုပိယဘာဏီ၊ ၃ ။အပါယ

သဟာယံ။ ၄။ဟူကုန်သောရန်သူ-၄-ယောက်တို့ကိုသေချာ-ဂ-
နှ-သိနှင့်ကြရမည်။

*ဤကဲ့သို့သေချာ-ဂ-နှ-သိကြပြီး၍။ ဝါ၊သိကြရသည့်အတိုင်း။
အထူးထူး ကုန်သော ဘေးဘျမ်းတို့ ထွေးသန်းရှက်နှော အလွန်
ပေါ်သောတောလမ်းခရီးကို၊ကံသွကြ၍ သော်လည်း၊ဘေးရန်တည်း
ဟူသောအကြောင်းကြောင့်မသွားမရောက်ဘဲ၊ဝေးစွာရှောင်ရှား
သောယောကျ်ားကဲ့သို့။ မိတ္တပတိရူပကအမိတ္တဖြစ်ကုန်သောရန်
သူကြီး ၄-ယောက်တို့ကို တရံတရာကိစ္စကြီးသော်လည်း။ပစ္စုပ္ပန်
တမလွန်နှစ်တန်သောအကျိုးတရားဆုတ်ယုတ်ပျက်ပြားလိမ့်မည့်
ဘေးကို မြော်တွေးခါရှုံ့ ကြောက်ကြပါသဖြင့်။ ပေါင်းသင်းဆက်
ဆံခြင်းမှ၊ ဝေးဝေးကရှောင်ကြဉ်ကြကုန်ရာသည်။ ထိုကြောင့်၊ပါ
ထေယျပါဠိတော်-သိဂါလသုတ်၌။

၁ အညဒတ္ထုဟရောမိတ္တော၊ယောစမိတ္တော ဝစီပရော။
အနုပိယဉ္စယောအာဟ၊အပါယေသုစယောသခါ။ ။
၂ ဧတေအမိတ္တေစတ္တာရော၊ဣတိဝိညာယပဏ္ဍိတော။
အာရကာပရိဝဇ္ဇေယျ၊မဂ္ဂံပဋိဘယံယထာ။ ။

၁ ဂဟပတိပုတ္တ၊သူကြွယ်သား။ယောစမိတ္တော၊အကြင်အ
ဆွေခင်ပွန်းသည်လည်း။အညဒတ္ထုဟရော၊ အခါခပ်သိမ်းဥစ္စာကို
ဆောင်ယူတတ်သည်။ဟောတိ၊ဖြစ်၏။ယောစမိတ္တော၊ အကြင်အ
ဆွေခင်ပွန်းသည်လည်း။ဝစီပရော၊နှုတ်ထွက်မျှသာပမာဏရှိသည်။
ဟောတိ၊၏။ ယောစမိတ္တော၊ သည်လည်း။ အနုပိယဉ္စ၊ချစ်ဘွယ်
သောစကားကိုသာလျှင်။အာဟ၊ဆိုတတ်၏။ယောစမိတ္တော၊သည်
သည်။အပါယေသု၊စည်းစိမ်ဥစ္စာပျက်စီးခြင်းအကြောင်းတို့၌။သ
ခါစ၊ အပေါင်းအဖေါ်သည်လည်း။ဟောတိ၊၏။ ၂ ။စတ္တာရော၊
၄-ယောက်ကုန်သော။ဧတေအမိတ္တေ၊ထိုရန်သူတို့ကို။ဣတိ၊ဤသို
ခဲ့သည့်အတိုင်း ရန်သူဟူ၍။ ဝိညာယ၊အတိအလင်းသိပြီး၍။ ပဋိဘ
ယံ၊ဘေးဘျမ်းရှိသော။ဝါ၊ဘေးဘျမ်းတို့ဖြင့်၊ ထွေးသန်း ရှက်နှော
သော။မဂ္ဂံ၊တောခရီးကို။အာရကာ၊ ဝေးစွာ။ ပရိဝဇ္ဇေ၊ ရှောင်ကြဉ်

သော။ပုရိသောယထါ၊ယောကျ်ားကဲ့သို့။ပဏ္ဍိတော၊ကြောင်းကျိုး
မြင်သိ၊ပညာရှိသည်။ဧတေအမိတ္တေ၊သိုရန်သူကြီး-၄-ယောက်တို့
ကို၊အာရကာ၊ဝေးစွာ။ဝါ၊ဝေးဝေးက။ပရိဝဇ္ဇေယျ၊ပညာရှေ့ထား၊
ရှောင်ရှားရာ၏။ ။ဤကားအနက်။

မိတ္တပတိရူပက အမိတ္တဟူသောရန်သူ၏အဖြစ်ကိုပြအပ်သော
စကားတရပ်အပြီးသတ်သတည်း။

အမိတ္တဟူသောရန်သူ၏အဖြင့်ကို ပြပြီးသည်၏ အခြားမဲ့၌မိတ္တဟူသော အဆွေခင်ပွန်းကို ပြအပ်၏။ ဝါ၊ပြအပ်သောကြောင့်။ ၎င်းမိတ္တ၏ အဖြစ်ကိုဆိုလတ္တံ့သောသာခကေ ဥပကာပါဠိတော်ဖြင့် ထင်ရှားသ အပ်၏။

စတ္တာရောမေဂဟပတိပုတ္တမိတ္တာသုဟဒါဝေဒိတဗ္ဗာ။ဥပကာရောမိတ္တောသုဟဒေါဝေဒိတဗ္ဗော။ ၁။ သမာနသုခဒုက္ခောမိတ္တောသုဟဒေါဝေဒိတဗ္ဗော။ ၂ ။အတ္ထက္ခာယီ မိတ္တောသုဟဒေါ ဝေဒိတဗ္ဗော။ ၃။အနုကမ္ပကောမိတ္တောသုဟဒေါဝေဒိတဗ္ဗော။၄။ ပါထေယျပါဠိတော်။

ဂဟပတိပုတ္တ၊သူကြွယ်သားသိင်္ဂါလ။စတ္တာရော၊၄-ယောက်ကုန်သော။သုဟဒါ၊ချစ်ခြင်းရှိသည်၏အစွမ်းအားဖြင့်ကောင်းသောစိတ်ရှိကုန်သော။(သုဟဒါတိသုန္ဒရဟဒယာ။ ။အဋ္ဌကထာ။ ။သုန္ဒရဟဒယာတိပေမသအတ္တိဝသေနဘဒ္ဒစိတ္တာ။ ။ဋီကာတို့နှင့်အညီဘည်း)။ ဣမေမိတ္တာ၊ ပေါင်းဖေါ်အပ်ကုန်သောကလျာဏမိတ္တဖြစ်ကုန်သော ဤအဆွေခင်ပွန်းကောင်းတို့ကို။ ဝေဒိတဗ္ဗာ၊ တိတိထင်ထင်၊သိမြင်အပ်ကုန်၏။ဥပကာရော၊များသောကျေးဇူးရှိသော။သုဟဒေါ၊ချစ်သည်၏အစွမ်းအားဖြင့်ကောင်းသောစိတ်ရှိသော။မိတ္တော၊ကလျာဏမိတ္တကို။ဝါ၊ကောင်းသောအဆွေခင်ပွန်းကို။ဝေဒိတဗ္ဗော၊တိတိထင်ထင်၊သိမြင်အပ်၏။၁ ။သမာနသုခဒုက္ခော၊ချမ်းသာဆင်းရဲတူမျှသော။ ဝါ၊တူမျှသောချမ်းသာဆင်းရဲရှိသော။ သုဟဒေါ၊ရှိသော။မိတ္တော၊ကို။ဝေဒိတဗ္ဗော၊အပ်၏။ ၂ ။အတ္ထက္ခာယီ၊

အကျိုးစီးပွားကိုသာ ပြောဆိုလေ့ရှိသော။ သုဟာဒေါ၊ရှိသော။ မိတ္တော၊ကို။ ဝေဒိတဗ္ဗော၊အပ်၏။ ၃။ အနုကမ္ပကော၊ အစဉ်သနားတတ်သော။ဝါ၊အစဉ်မပြတ်စောင့်ရှောက်တတ်သော။သုဟာဒေါ၊ ရှိသော။မိတ္တော၊ကို။ဝေဒိတဗ္ဗော၊တိတိထင်ထင်၊သိမြင်အပ်၏။ ။ ပါဠိတော်၏အနက်။

ဤပါဠိတော်ဖြင့်ပေါင်းဖေါ်အပ်သော ကလျာဏမိတ္တအဆွေခင်ပွန်းကောင်း-၄ ယောက်ကို သိရမည်။ ။ထို-၄-ယောက်တို့တွင်လည်း တယောက်ဘယောက်သောကလျာဏမိတ္တ၌ သိသင့်သိထိုက်သော အကြောင်း-၄-ပါးစီရှိရကား။၄-ပါးကုန်သော အကြောင်းတို့ဖြင့်တိတိထင်ထင် သိမြင်ကြရမည်။ ။ထို ၄ ယောက်ကုန်သောကလျာဏမိတ္တတို့တွင်။ ရှေးဦးစွာသောဥပကာရမိတ္တ၌ အဘယ်အကြောင်း-၄-ပါးတို့ဖြင့် တိတိထင်ထင် သိမြင်ရပါမည်နည်းဟုမူ။၁။မူးယစ်မေ့လျော့၍နေသော အဆွေခင်ပွန်းကို စောင့်ရှောက်တတ်ခြင်း အကြောင်းတပါး။ * ။ဤ၌အဆွေခင်ပွန်းသည် သေရည်အရက်ကိုသောက်၍။ရွာ၏အလယ်၌၎င်း၊ရွာတံခါး၌၎င်း၊ လမ်းမခရီး၌၎င်း၊ လျောင်းသည်ကိုမြင်၍။ လျောင်းသော ငါ၏အဆွေ၏ တစုံတခုသောပုဆိုးအင်္ကျီကို။သူတပါးတို့ဆောင်ယူသွားရာ၏ဟု နှလုံးပြု၍ အနီး၌ စောင့်နေပြီးလျှင်။ နိုးသောအခါမှ ခေါ်ဆောင်၍သွားခြင်းကိုဆိုလိုသည်။ ။ထိုကြောင့်အဋ္ဌကထာ၌။ ။ ပမတ္တံရက္ခတီတိမဇ္ဇံပိဝိတွာဂါမမဇ္ဈေဝါဂါမဒွါရေဝါမဂ္ဂေဝါနိပန္နံဒိသွာဇေဝံနိပန္နဿ ကောစိဒေဝနိဝါသနပါရုပနမ္ပိဟာရေယျာတိ သမီပေနိသိဒိတွာပဗုဒ္ဓကာလေဂဟေတွာဂစ္ဆတိ၊ဟုမိန့်အပ်၏။ ။ ပမတ္တံရက္ခတိတိ၊မေ့လျော့သည်ကိုစောင့်ရှောက်တတ်၏ဟူရာ၌။ မဇ္ဇံ၊သေရည်ကို။ပိဝိတွာ၊သောက်၍။ ဂါမမဇ္ဈေဝါ၊ရွာ၏အလယ်၌၎င်း။ဂါမဒွါရေဝါ၊ရွာ၏တံခါး၌၎င်း။ မဂ္ဂေဝါ၊လမ်းမခရီး၌၎င်း။နိပန္နံ၊လျောင်းအိပ်သော။မိတ္တံ၊အဆွေကို။ဒိသွာ၊မြင်၍။ ဇေဝံနိပန္နဿ၊ဤသို့လျောင်းအိပ်သောငါ၏အဆွေ၏။ကောစိဒေဝ၊တစုံတယောက်သောသူသည်လျှင်။နိဝါသနပါရုပနမ္ပိ၊အဝတ်အရုံကိုလည်း။ဟာရေ

ယျ၊ဆောင်ယူရာ၏။ဇုတိ၊၏သို့ရှုလုံးပြု၍။ သဖိပေ၊အဆွေ၏ အနီး၌။ နိသိဒိတွာ၊စောင့်နေ၍။ ပဗ္ဗကာလေ၊ မိုးသောကာလ၌။ ဂဟေတွာ၊ခေါ်၍။ဂစ္ဆတိ၊သွား၏။ ။ဤကားအနက်*။ ၂။မေ့လျော့သောသူ၏ဥစ္စာနှစ်ကိုစောင့်ရှောက်တတ်ခြင်းအကြောင်းတပါး။ * ။ဤ၌အဆွေသည်အိမ်မှအပြင်သို့သွားသည်ဖြစ်စေ။သေရည်ကိုသောက်၍ မေ့လျော့သည်ဖြစ်စေ။ ထိုသို့သောအကြောင်းကြောင့်အစောင့်အရှောက်မရှိသောအဆွေ၏အိမ်သို့သွား၍။တရံတယောက်သောသူသည်တရံတခုသောပစ္စည်းဥစ္စာကိုဆောင်ယူရာ၏ဟုရှုလုံးပြု၍။ ထိုမိတ်ဆွေ၏ဥစ္စာကိုစောင့်ရှောက်ခြင်းကိုဆိုလိုသည်။ ။ထိုကြောင့်အဋ္ဌကထာ၌။ ။ပမတ္တဿ သာပတေယျန္တိ သဟာယော ဗဟိဂတော ဝါ ဟောတိ။ သုရံ ပိဝိတွာ ဝါ ပမတ္တော။ ဂေဟံ အနာရက္ခံ။ ကောစိဒေဝ ယံကိဉ္စိ ဟရေယျာတိ ဂေဟံ ပဝိသိတွာ တဿ ဓနံ ရက္ခတိ ဟုဆို၏။ ။ပမတ္တဿ သာပတေယျန္တိ၊မေ့လျော့သောအဆွေ၏ဥစ္စာကိုစောင့်ရှောက်တတ်၏ဟူ ရာ၌။ သဟာယော၊ အဆွေသည်။ ဗဟိ၊အပအရပ်သို့။ ဂတော ဝါ၊သွား သည်လည်း။ ဟောတိ၊ဖြစ်၏။ သုရံ၊ သေရည်ကို။ ပိဝိတွာ၊သောက် ၍။ ပမတ္တော ဝါ၊ မေ့လျော့သည်လည်း။ ဟောတိ၊၏။ ဂေဟံ၊အိမ် သည်။အနာရက္ခံ၊အစောင့်မရှိ။ကောစိဒေဝ၊တရံတယောက်သော သူသည်လျှင်။ ယံကိဉ္စိ၊အမှတ်မပြုတခုခုသောဥစ္စာကို။ ဟရေယျ၊ ဆောင်ယူရာ၏။ဣတိ၊၏သို့ရှုလုံးပြု၍။ ဂေဟံ၊အိမ်သို့။ ပဝိသိတွာ၊ ဝင်၍။တဿ၊ထိုအဆွေ၏။ဓနံ၊ဥစ္စာကို။ရက္ခတိ၊စောင့်ရှောက်၏။ ။ ဤကားအနက်*။၃။ဘေးရောက်၍ ကြောက်သော အဆွေ၏ ပုန်း အားရာ၊ ဝါ၊ ၏။ ကိုးကွယ်ရာ ရှိရာကိုပြုတတ်ခြင်းအကြောင်းတပါး။ *။ ဤ၌အဆွေခိုပုန်းအားတရံတခုသောဘေးသည် ဖြစ်လတ်သော်။ အဆွေ မကြောက်ရှင့်။ ငါကဲ့သို့သောအဆွေ ခိုပုန်း ထင်လျားရှိ လျက်။အဘယ်ကြောင့်ကြောက်သနည်းဟု ထိုဘေးကို တားမြစ် ဖြေဖျောက်လျက် ကိုးကွယ်မှီခိုရာပြုခြင်းကို ဆိုလိုသည်။ ။ထို ကြောင့်အဋ္ဌကထာ၌။ ။ဘီတဿာတိ ကိသ္မိဉ္စိဒေဝ ဘယေ ဥပ္ပ

နေ့မပါဘာယိ။မာဒိသေသဟာယေငွိတေကိံဘာယသီတိတံဘာယံ
ဗာဓေဋ္ဌာပဋိသရဏံဟောတိ၊ဟုဒိန္န၏။ ။ဘီတာသာတိ၊ကြောက်
သောသူ၏ဟူရာ၌။ကိံသုဒ္ဓိဒေဝတာယေ၊တစုံတခုသောဘေးသည်။
ဥပ္ပန္နေ၊ဖြစ်ပေါ်လတ်သော်။သဟာယာ၊အဆွေ။ မာဘာယိ၊မကြောက်
နှင့်။မာဒိသေသဟာယေ၊ငါကဲ့သို့သောအဆွေသည်။ ငွိတေ၊ထင်
လျှားရှိလျက်။ကိံ၊အဘယ်ကြောင့်။ ဘာယသိ၊ ကြောက်သနည်း။
ဣတိ၊ဤသို့ဆို၍။တံဘာယံ၊ ထိုဖြစ်လာသောဘေးကို။ ဗာဓေဋ္ဌာ၊
တားမြစ် ဖြေဖျောက်လျက်။ ပဋိသရဏံ၊ ကိုးကွယ်မှီခိုရာသည်။
ဟောတိ၊ဖြစ်၏။ ။ဤကား-အနက်*။၄။ပြုဘွယ်ရာဖြစ်သော ကိစ္စ
တို့သည်။ပေါ်ပေါက် ရောက်လာ ကုန်သည်ရှိသော်။ ရှေးတန်ဘိုး
လက်ခထက်၊နှစ်ဆတက်သောစည်းစိမ်ဥစ္စါရတနာကိုဖြစ်စေခြင်း
ဌာ၊ ဆောင်ရွက်ဘတ်ခြင်း အကြောင်း တပါး။ ဤသို့-၄-ပါးကုန်
သောအကြောင်းတို့ဖြင့်၊တိတိထင်ထင်၊သိမြင်အပ်၏။

နှစ်ယောက်ဖြောက်သော သမာနသုခဒုက္ခ ကလျာဏမိတ္တကို။
အဘယ်အကြောင်း-၄-ပါးတို့ဖြင့် တိတိထင်ထင် သိမြင်ရပါမည်
နည်းဟူမူ။၁။မိမိ၏လျှို့ဝှက်ခြင်း၌ယှဉ်သောစကားကိုတပါးသော
သူအားမပြောကြားဘဲ။ ထိုအဆွေအားသာလျှင်ပြောကြားတတ်
ခြင်းအကြောင်းတပါး။ ၂။ထိုအဆွေ၏။ဝါ၊အဆွေသည်ပြောကြား
အပ်သောလျှို့ဝှက်စကားကို။ သူတပါးအားမသိစေတတ်ခြင်း အ
ကြောင်းတပါး။၃။ ဘေးရန်တို့ကြောင့်။ ဝါ၊ဘေးတွေ့လတ်သော်။
မိတ်ဆွေကို မစွန့်ခြင်းအကြောင်းတပါး။၄။ထိုမိတ်ဆွေ၏အကျိုး
၌မိမိ၏အသက်ကိုသော်လည်းစွန့်တတ်ခြင်းအကြောင်းတပါး။*။
မိမိ၏ အသက်ကိုမျှ ရေတွက်ခြင်းမရှိမူ၍။ မိတ်ဆွေ၏ အကျိုးကို
သာရွက်ဆောင်သည်ဟုဆိုလိုသည်။ ။ဤ၌အဇ္ဈတ္တ-ဖြစ်သောမိ
မိ၏အသက်ကိုမျှငဲ့ကွက်ခြင်းမရှိပါက။ ဗဟိဒ္ဓဖြစ်သော သားသ္မီး
ပစ္စည်းဘဏ္ဍာတို့ကိုဆိုဘွယ်ရာမရှိပြီ။ ။ဤသို့သဘောရှိသောအ
ဆွေခင်ပွန်းမျိုးသည်။ လောက၌ အလွန့်အလွန်ပင်ရှားလှ၏။*။ဤ

သို့ဆိုခဲ့ပြီးသောအကြောင်း-၄-ပါးတို့ဖြင့်တိတိထင်ထင်သိမြင်ကြရမည်။

သုံးယောက်မြောက်ဖြစ်သော အတ္ထက္ခာယီ အဆွေခင်ပွန်းကို အဘယ်အကြောင်း-၄-ပါးတို့ဖြင့် ထင်လျှားစွာ သိရပါမည်နည်းဟူမူ။ ၁။ ငါတို့မြင်ကုန်စဉ်သင်သည်ဤသို့သဘောရှိသောမကောင်းမှုကိုပြုခြင်းငှါမရ။ ပါဏာတိပါတစသော အကုသလကမ္မပထတို့ကိုသင်မပြုနှင့်ဟု တားမြစ်တတ်ခြင်း အကြောင်းတပါး။ ၂။ ကလျာဏကမ္မဟုဆိုအပ်ကုန်သောသရဏဂုံသုံးပါး ငါးပါးသီလ ဆယ်ပါးသောကုသလကမ္မပထတို့ကိုဖြစ်စေလော့၊ အလှူကိုပေးလော့၊ ကောင်းမှုကိုပြုလော့၊ တရားကိုနာလော့ဟု ကောင်းမှု ကုသိုလ်၌ ယှဉ်စေတတ်ခြင်းအကြောင်းတပါး။ ၃။ သို့အဆွေခင်ပွန်းအားရှေးကမကြားနာဘူးသော သိမ်မွေ့နူးညံ့ပြေပြစ်သော အကြောင်းကို ကြားနာ စေတတ်ခြင်း အကြောင်းတပါး။ ၄။ ဤသို့ဒါန စသော ကောင်းမှုကို ပြုခြင်းကြောင့် နတ်ပြည်၌ဖြစ်ကြကုန်၏ဟု နတ်ရွာ ရောက်ကြောင်း ခရီးကောင်းကို ပြောကြားတတ်ခြင်းအကြောင်း တပါး။ ။ဤဆိုခဲ့ပြီးသော အကြောင်းတရား ၄-ပါးတို့ဖြင့် ထင်လျှားစွာသိရမည်။

လေးယောက်မြောက်ဖြစ်သော အနုကမ္ပက အဆွေခင်ပွန်းကို။ အဘယ်အကြောင်းတရား-၄-ပါးတို့ဖြင့် ထင်လျှားစွာသိရပါမည်နည်းဟူမူ။ ၁။ အဆွေခင်ပွန်း၏လည်းကောင်း၊ အဆွေခင်ပွန်းနှင့်စပ်သော သားမယား စသော သူ၏လည်းကောင်း၊ ထိုသို့သဘောရှိသောအကျိုးစီးပွါးဆုတ်ယုတ်ပျက်ပြားရှိသည်ကိုမြင်၍ရင်း၊ ကြား၍ရင်း၊ မနှစ်သက် နှလုံးမသာဖြစ်တတ်ခြင်း အကြောင်းတပါး။ ၂။ ကြီးပွါးခြင်းသို့ရောက်သော အဆွေခင်ပွန်း၏လည်းကောင်း၊ အဆွေခင်ပွန်းနှင့်စပ်သောသူ၏လည်းကောင်း၊ ထိုသို့သဘောရှိသော စည်းစိမ်ချမ်းသာကို ရင်း၊ ဌာနန္တရအရိုးရခြင်းကိုရင်း၊ မြင်၍သော်ရင်း၊ ကြား၍သော်ရင်း၊ နှစ်လိုဝမ်းမြောက်တတ်ခြင်း အကြောင်းတပါး။ ၃။ ဤအမည်ရှိသောသူသည်အရုပ်ဆိုး၏၊ ကြည်ညိုဘွယ်မရှိ၊

အမျိုးအားဖြင့်ယုတ်၏၊ သီလမရှိ-စသောအားဖြင့် အဆွေခင်ပွန်း
အားပြောဆိုသော်။ ဤသို့မဆိုလင့်။ ဤသူသည်လှပတင့်တယ်ရုစ
ချင်ဘွယ်ကြည်ညိုဘွယ်ရှိ၏၊ ကောင်းမြတ်သောအမျိုးရှိ၏၊ သီလ
နှင့်လည်းပြည့်စုံ၏-စသောစကားတို့ဖြင့်၊ကဲ့ရဲ့သောသူအားမြစ်တား
တတ်ခြင်းအကြောင်းတပါး။၄။ဟပါးသောသူကား၊မိမိ၏အဆွေခင်
ပွန်းအား၌အမည်ရှိသောသူသည်၊လှပတင့်တယ်ကြည်ညိုဘွယ်
ရှိ၏၊ ကောင်းသောအမျိုးဇာတ်ရှိ၏၊ သီလနှင့်ပြည့်စုံ၏-စသောစ
ကားတို့ဖြင့်၊ ချီးမွမ်း ပြောဆိုသော်၊ နှလုံးအလိုနှင့် တိုက်ဆိုင် ရ
ကား၊သင်သည်ကောင်းသော စကားကိုဆိုသဖြင့်၊ အံ့ဘွယ်ရှိစွတ
ကား၊ သင်ဆိုသောစကားသည်၊ ကောင်းသောဆိုခြင်းပေတည်း။
သင်သည်လည်း လှပတင့်တယ်ရုစချင်ဘွယ်ရှိပေသည်။ ကောင်း
သေါအမျိုးအနွယ်ရှိပါပေသည်။သီလနှင့်လည်းပြည့်စုံပါပေသည်-
စသောစကားတို့ဖြင့်၊ ချီးမွမ်းသောသူအား၊ တဘန်ပြန်၍ချီးမွမ်းစ
ကားကို ပြောကြား တတ်ခြင်း အကြောင်းတပါး။ ဤ-၄-ပါး ကုန်
သောအကြောင်းတို့ဖြင့်၊တိတိထင်ထင်၊သိမြင်ကြရမည်။ ။ဤဆို
အပ်ခဲ့ကုန်ပြီးသောအကြောင်းတရားတို့ဖြင့်၊သချာ-၈-နှ သိကြရ
၍။ဝါ၊သိကြရသောကြောင့်။မိခင်ဖြစ်သူသည်၊မိမိ၏သားကို၊ဂေဟ
သိတပေမကဏ္ဍာအားဖြင့်၊ချစ်ကြည်စုံမက်နှစ်သက်ခြင်းရှိရကား၊
ဆည်းကပ် သကဲ့သို့။ ထိုနည်းတူစွာ ပညာရှိသော အမျိုးကောင်း
သားသမီးတို့သည်လည်း၊ ထိုသို့သဘောရှိသောမိတ်ဆွေမျိုးကို ရှိ
သောကျိုးနှံ့စွာမှီဝဲဆည်းကပ်ကြကုန်ရာ၏။ ။ထိုကြောင့်။

၁ ဧဝံပိမိတ္တေစတ္တာရော၊ဉာတိဝိညာယပဏ္ဍိတော။
သက္ကစ္စံပယိရုပါသေယျ၊မာတာပုတ္တံဝဩရသံ။ ။

ဟုဟောတော်မူ၏။၁။ဂဟပတိပုတ္တ၊သူကြွယ်သားသိင်္ဂါလ။စ
တ္တာရော၊လေးယောက်ကုန်သော။ ဧဝံပိမိတ္တေ၊ဥပကာရ-သမာ
နသုခဒုက္ခ-အတ္ထက္ခာယီ-အနုကမ္ပကတည်းဟူသောဤအဆွေခင်
ပွန်းကောင်းတို့ကို။ ဉာတိ၊ဤသို့ပေါင်းသင့်ပေါင်းထိုက်ပေါင်းအပ်
သောကလျာဏမိတ္တ ကောင်းမြတ်လှသောအဆွေခင်ပွန်းတို့ဟူ၍။

ဝိညာသ ၊ပညာ ဖျက်စိမြေဒ်မြင်ကြ၍။ မဘာ၊ ပါခင်သည်။ဩဝါဒသ
ရင်နှိဖြာ်သော။ပုဘ္ဘုံ၊လိမ္မာနေးခြာ ဒိဒိသားကို။ပယိရုပါသတိစ္စဝ
ဘာန်တလဲလဲ ယှဉ်ကဲ့ဆည်းကပ်သကဲ့သို့။ပဏ္ဍိတော၊ရှေဘ့ိုနေဘ်
သိပညာရှိသည်။သဏ္ဍဇ္ဇံ၊ရိုသေစွာ။ ပယိရုပါသေယျ၊ဘာန်တလဲလဲ
မှီဝဲဆည်းကပ်ရာ၏။ ။ဂါထာအနက်။

၂ ဖဏ္ဍိတောသီလသမ္ပန္နော၊ဇလံအဂ္ဂိဝဘာသတိ။
ဘောဂေ သံဟ ရမာနဿ၊ဘမရဿေဝိရိယတော။
၃ ဘောဂါသန္နိစ္စယံသန္တိ၊ဝမ္မိကောဝုပစိယတိ။ ။

၂-၃ ဂဟပတိပုတ္တ၊သူကြွယ်သားသိင်္ဂါလ။ ရတ္တိံ၊အကာ
လသမယသည်၌အခါ၌၊ပဗ္ဗတမတ္ထကေ၊တောင်ထိပ်ထက်၌။ ဇလံ
ဇလမာနော၊ညီးတွန်းသော။အဂ္ဂိ၊ဝင်းပြောင်ရောင်လျှပ်သုံမီးခေတ်
သည်။ဒိရောစတိဂ္ဂဝ၊ရှစချင်ဘွယ်လွန်တင့်တယ်သကဲ့သို့။သီလ
သမ္ပန္နော၊သီလနှင့်ပြည့်စုံသော။ပဏ္ဍိတော၊ရှေဘို့နေဘ်သိပညာ
ရှိသည်။ ဘာသတိဝိရောစတိ၊ သီလရောင်ချယ် လွန်တင့်တယ်၏
(ဇလံအဂ္ဂိဝဘာသတိတိရတ္တိံပဗ္ဗတမတ္ထကေဇလမာနော အဂ္ဂိဝိ
ယဝိရောစတိ၊ဟုလာသော အဋ္ဌကထာနှင့်အညီ ယောဇနာလိုက်
သည်)။ဣရိယတော၊အုံကိုပြုသော။ဘမရဿ၊ပျားပိတုန်း၏။ ပဋု
လံ၊ပုပ္ဖဝဏ္ဏဂန္ဓပေါင်းခုံ သုံပျားအုံသည်။သန္နိစ္စယံ၊တနေ့တခြား၊
ဆည်းပူးဖြား၍၊ခံဘားမှည်းဘီး၊ပြမ် မှိုးထောက်၊အုံ့လေးမယွင်း၊
ကြီးပွါးခြင်းသို့။သ ဘိဂ္ဂဝ၊ရောက်သကဲ့သို့။ ဘောဂေ၊စိန်ကျောက်
နီလာ၊ရတနာဘရွှေငွေ၊ဆန်ရေစပါး၊ကျွဲနွားဆင်မြင်း၊ခယင်းဥသျှံ၊အ
လုံးစုံကုန်သောစည်းစိမ်တို့ကို။သံဟာရမာနဿ၊ တရားမပျက်၊အ
ဆက်မသွေ၊ရှာဖွေရုဆောင်းသောသူအား။ဘောဂါ၊ဆိုခဲ့သမျှအ
ဝဝသောစည်းစိမ်တို့သည်။သန္နိစ္စယံ၊တနေ့ဘခြားတိုးပွါးခြင်းသို့။
ယန္တိ၊ ရောက်ကုန်၏။ ဝမ္မိကော၊ မြှောင်ပို့သည်။ ဥပစိယတိယ
ထာ၊ကြီးပွါးခြင်းသို့ရောက်သကဲ့သို့ငဘည်။ ။ဂါထာအနက်။ *။
အချို့စာအုပ်၌၊ဝမ္မိကောဥပစိယတိ၊ဟုရှိ၏။ ဝမ္မိကော၊ ဟူ၍သာရှိ
သင့်သည်။ *။

ဤပါဠိတော်ဖြင့်စည်းစိမ်ဥစ္စာတို့ကိုရှာဖွေရဆောင်းရာ၌၊ တရားနှင့်အညီ၊ ရှာဖွေ ရဆောင်းအပ်ကုန်သော ဓမ္မိယလဒ္ဓ ဖြစ်သော စည်းစိမ်ဥစ္စါမှသာ၊ပျားအုံသည်တနေ့တခြား တိုးပွါးသကဲ့သို့ရင်း။ ခြတောင်ပို့သည်၊ တနေ့တခြားကြီးမားသကဲ့သို့ရင်း။ တိုးပွါးကြီးမားခြင်းသို့ရောက်နိုင်မည်။ တရားပုက်၍မကောင်းသောရှာဖွေရဆောင်းခြင်းတို့ဖြင့်၊ ရဆောင်းရှာဖွေ၍ ရရသမျှကုန်သော ပစ္စည်းဥစ္စာတို့သည်၊အဓမ္မိယလဒ္ဓဖြစ်ခြင်းကြောင့်၊ တိုးပွါးခြင်းသို့မရောက်နိုင်ဟုဗျာတိရေကနည်းအားလျော်စွာပြတော်မူသည်။ သို့အတွက်လောကဓမ္မရှစ်ဌာန၌ ကျွမ်းကျင် လိမ္မာကြကုန်သော ယောကျ်ားမိန်းမဟူ ပြည်သူပြည်သားအပေါင်းတို့သည်၊ပစ္စည်းဥစ္စာရတနာတို့ကိုတရားနှင့်ညီညွတ်စွာရှာဖွေရဆောင်းကြကုန်ရာသည်။

၄ ဧဝံဘောဂေသမာဟတွာ၊အလမတ္တောကုလေဂိဟီ။
စတုဓာဝိဘဇေဘောဂေ၊သဝေမိတ္တာနိဂန္ထတိ။ ။

၅ ဧကေနဘောဂေဘုဉ္ဇေယျ၊ဒွိဟိကမ္မံပယောဇယေ၊
စတုတ္ထဉ္စနိဓာပေယျ၊အာပဒါသုဘဝိဿတိ။ ။

၄ ဂဟပတိပုတ္တ၊သူကြွယ်သားသိင်္ဂါလ။အလမတ္တော၊အိမ်ထောင်မှုကိုပြုခြင်းငှါစွမ်းနိုင်သော။ကုလေ၊အမျိုး၌။ပဝတ္တော၊ဖြစ်သော။ဂိဟိ၊ယောကျ်ားသည်။ဧဝံ၊ဤဆိုခဲ့သည့်အတိုင်း။ဘောဂေ၊စည်းစိမ်ဥစ္စာရတနာတို့ကို။သမာဟတွာ၊ရှာဖွေရဆောင်း၍။စတုဓာ၊လေးတို့လေးဖြာ။ဝိဘဇေ၊ခွဲဝေရာ၏။ဝိဘဇန္တော၊လေးတို့လေးဖြာခွဲဝေပါသော။သောပုရိသော၊ထိုယောကျ်ားသည်။မိတ္တာနိ၊အဆွေခင်ပွန်းတို့ကို။ဂန္ထတိ၊မြဲစွဲခိုင်တည်ဘွဲ့သည်မည်၏။

*ဤပါဠိတော်ဖြင့်၊လောကဓမ္မရှစ်ဌါန၌ကျွမ်းကျင်လိမ္မာကြကုန်သောသူအပေါင်းတို့သည် စည်းစိမ်ဥစ္စာ ရတနာတို့ကို တရားနှင့်အညီရှာဖွေရဆောင်း၍၊လေးတို့လေ ဖြာခွဲခြမ်းဝေဘန်ခြင်းကိုပြု၍ထားကြပါမှ ကလျာဏမိတ္တ ကောင်းမြတ်လှသောအဆွေခင်ပွန်းကိုဘွဲ့သည်မည်၏ဟုပြတော်မူသည်။*။

၅ ဧကေန၊ တဘို့တစုဖြင့်။ ဘောဂေ၊စည်းစိမ်တို့ကို။ ဘုဉ္ဇေ

ယျ၊ ခံစားရာ၏။ ဒွီဟိ၊ နှစ်ဘို့နှစ်ရကုန်သော ဥစ္စာတို့ဖြင့်။ ကမ္မံ၊ လယ်
လုပ်ကိုင်ကုန်သွယ်ခြင်းစသောအမှုမျိုးကို။ ပယောဇယေ၊ ယှဉ်ရာ
၏။ စတုတ္ထဉ္စ၊ လေးခုမြောက်သောအဘို့အစုကိုလည်း။ အာပဒါသု၊
မင်းအစရှိကုန်သောဘေးရန်တို့ကြောင့်။ ဝါ၊ ဘေးရန်တို့သည်။ ဥပ္ပ
န္နာသု၊ ဖြစ်ကုန်လတ်သော်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဝါ၊ အလွယ်ရလ
တ္တံ့။ ဣတိ၊ ဤသို့ ပုံပြု၍။ နိဓာပေယျ၊ မြှုပ်နှံ့သော်အားသိုမှီး၍ထား
ရာ၏။ *။ ဤပါဠိတော်ဖြင့်တရားနှင့် အညီရှာဖွေရဆောင်း၍ ထား
သောစည်းစိမ်ဥစ္စာ၌တနာ့ဘို့ကိုလေးစုလေးဖြာခွဲစိတ်ဖြာ၍၊ တဘို့
တစုဖြင့်ဘောဂဖြစ်သောစည်းစိမ်၏အရသာကိုခံစားရမည်။ ၂-ဘို့-၂
စုဖြင့်လယ်လုပ်ခြင်းကုန်သွယ်ခြင်းအမှုကိုပြုရမည်။ ၄-ခု မြောက်
သော အဘို့အစုဖြင့် မင်းစသော ဘေးရန်ရှိက အလွယ် ရအောင်
မြှုပ်နှံ့သိုမှီးသိမ်းဆည်း၍ထားရမည်ဟုပြတော်မူသည်။ ဤ-၄-ပါး
ကုန်သောအဘို့အစုတို့တွင်။ အဘယ်အဘို့အစုကိုယူ၍ကုသိုလ်
ကိုပြုအပ်ပါသနည်းဟူမူ။ ဘောဂရသစည်းစိမ်၏အရသာကိုခံစား
ရန် ရှေးဦးစွာ ပြတော်မူအပ်သော အဘို့အစုမှ ယူ၍၊ ကုသိုလ်
ကောင်းမှုကိုပြုရမည်။ ။သို့ကြောင့်။ ဧတေသုပနစတူသုကောဋ္ဌာ
သေသုကတရကောဋ္ဌာသံဂဟေတွာကုသလံကာတဗ္ဗန္တိ။ ဘော
ဂေဘုဉ္ဇေယျာတိဝုတ္တကောဋ္ဌာသံတတောဂဟေတွာ ဘိက္ခူနမ္ပိက
ပဏဒ္ဓိကာဒီနမ္ပိဒါတဗ္ဗံ၊ ဟု အဋ္ဌကထာဖွင့်ပြတော်မူ၏။ ။ဧတေ
သုပနစတူသုကောဋ္ဌာသေသု၊ ဤလေးပါးကုန်သောအဘို့အစုတို့
တွင်ကား။ ကတရကောဋ္ဌာသံ၊ အဘယ်အဘို့အစုကို။ ဂဟေတွာ၊
ယူ၍။ ကုသလံ၊ ကုသိုလ်ကို။ ကာတဗ္ဗံ၊ ပြုအပ်ပြုသင့်ပြုထိုက်ပါသ
နည်း။ ဣတိ၊ ဤသို့မေးအံ့သော်။ ဘောဂေဘုဉ္ဇေယျာတိ၊ ဘောဂရသ
ကိုခံစားရာ၏ဟူ၍။ ဝုတ္တကောဋ္ဌာသံ၊ ဟောတော်မူအပ်သောအဘို့
အစုကို။ ဂဟေတွာ၊ ယူ၍။ ကုသလံ၊ ကုသိုလ်ကို။ ကာတဗ္ဗံ၊ ပြုသင့်
ပြုထိုက်ပြုအပ်၏။ ဣတိ၊ ဤသို့ဖြေဆိုအပ်၏။ တတော၊ ထိုဘောဂ
ရသကိုခံစားရာ၏ဟု ဟောတော်မူအပ်သော အဘို့အစုမှ။ ဂဟေ
တွာ၊ ယူ၍။ ဘိက္ခူနမ္ပိ၊ သံသရာဘေးဘျမ်း၊ လွတ်ချမ်းဘို့၊ မြော်မှန်း

ရှုတတ်၊ ရဟန်းမြတ်တို့အားလည်း။ ဒါတဗ္ဗံ၊ နည်းများမဟုပေးလှူ အပ်၏။ကပလာဠိကာဒိနုဗ္ဗိ၊အထီးကျန်၍၊ အမှန်ဆင်းရဲ၊မရှိမွဲသား၊ သူတောင်းစား အစရှိသည်တို့အားလည်း။ဒါတဗ္ဗံ၊နည်းများမပြတ်ပေးကမ်းအပ်၏။ ။အဋ္ဌကထာပါဠိ၏အနက်။ * ။

မူလအချက်ကြီးဖြစ်သော မိတ္တ အမိတ္တ အဖြစ်ကိုရှေးဦးစွာပြမည်ဟုသောပဋိညာဉ်အတိုင်း ဤ၍ဤမျှသောစကားအစဉ်ဖြင့်၊မိတ္တအမိတ္တအဖြစ်ကိုထင်စွာပြအပ်ပါသည်။

မိတ္တအမိတ္တအဖြစ်ကိုထင်စွာပြခဏ်းပြီး၏။

---

မိတ္တအမိတ္တအဖြစ်ကိုထင်စွာပြပြီး၍၊ ဤယခုအခါ လက္ခဏာ၏အရ၊(လက္ခဏာ)ကိုထင်စွာပြအပ်၏။ဝါ၊ထင်စွာပြပေအံ့။ * ။လက္ခဏာဟုသောပုဒ်ကို၊ လက္ခီယတေအနေနာတိလက္ခဏံ၊ ဟုကရဏသာဓိဒ်ပြုဟ်ဆိုအပ်၏။ ။အနေန၊ဤသဘောသာမညဖြင့်။လက္ခီယတေ၊မှတ်အပ်၏။ဣတိ၊ထိုကြောင့်။တံ၊ထိုသဘောသာမညသည်။ လက္ခဏံ၊လက္ခဏာမည်၏။ ဝါ၊မှတ်ကြောင်းမည်၏။အရကား၊သဘောသာမညရ၏။ ။ဤသဘာဝသာမညကိုပင် လက္ခဏာဟုခေါ်သည်။ ။ထိုကြောင့်။မိတ္တ၏သဘာဝသာမည-၂-ပါးကိုပင်၊မိတ္တလက္ခဏာဟုမှတ်ရမည်။အမိတ္တ၏သဘာဝသာမည-၂-ပါးကိုပင် အမိတ္တလက္ခဏာဟုမှတ်ရမည်။ ။ * သဘာဝေါဝါ သာမညံဝါလက္ခဏံနာမ။ ။အဋ္ဌသာလိနီအဋ္ဌကထာစသည်။ ။သဘာဝေါဝါ၊သဘောသည်လည်းကောင်း။သါမညံဝါ၊သာမညသဉ်လည်းကောင်း၊ လက္ခဏံနာမ၊လက္ခဏာမည်၏။ဝါ၊မှတ်ကြောင်းမည်၏။ ။ဤကါးအနက်။ * ။

ဆိုအပ်ကုန်ပြီးသောမိတ္တအမိတ္တတို့၏(လက္ခဏာ)ကို၊ယခုဆိုလတ္တံ့ဖြစ်သောရှုဋ္ဌနိပါတ်မိတ္တာမိတ္တဇာတ်တည်းဟုသော သာခကေဖြင့်၊ တိတိထင်ထင်၊သိမြင်ကြရမည်။ * ။ဆောင်အပ်သော သာခကကား။

လောကမရုဠ၊ ဒိွပဒုတ္တမ၊ ဥက္ကဋ္ဌဟု၊ ဇဋ္ဌမြတ်စွာ၊ စိန္တေယျာ

သည်၊သာဝတ္ထိပြည်မှန်၊ဇေတဝန်ကျောင်းမြတ်၌၊ကိန်းဝပ်စံပျော်၊ မွေ့လျော်တော်မူစဉ်၊ဘုရင်ရာဇ၊ကောသလ၏ မိဂ္ဂအမတ်၊ထိုသူ မြတ်ကို၊ယင်ထင်မြော်ရှု၊အကြောင်းပြု၍ ယခုဆိုအပ်၊မိဂ္ဂါမိဂ္ဂ ဇာတ်ကို၊တပ်အပ်သေချာ၊ဟောတော်မူခဲ့ရာသတည်း။ ။ကော သလမင်းအားများစွာကျေးဇူးရှိသောအမတ်တယောက်သည်ရှိသ တတ်။ကောသလမင်းသည်လည်း၊ ထိုအမတ်အားအလွန်ပင်မြတ် နိုးလှ၏။ ထိုအခါ ကြွင်းကျန်သောအမတ်တို့သည်၊ ဇာသာတရား ပွားများ ကြရကား၊ မင်းသို့ ကပ်၍ အရှင် မင်းမြတ်၊ ဤအမည် ရှိ သောအမတ်သည်မလျောက်ပတ်သော အမှုအရာဖြင့်၊အရှင်မင်း မြတ်တို့၏အကျိုးမဲ့ကိုပြု၏ဟု၊မြတ်နိုးခြင်းကို ပျက်ကြကုန်၏။ထို အခါကောသလမင်းသည်လည်းအမတ်တို့ပြောကြားသောစကား ဖြင့်၊ထိုအမတ်အားစူးစမ်းဆင်ခြင်သော်၊တစုံတခုအကျိုးမဲ့ပြုသည် ကို မမြင်သောကြောင့်၊ ငါသည် ဤအမတ်အား စုံစမ်း ငြားသော် လည်း၊တစုံတခုသောအပြစ်ကိုမျှငါမမြင်၊အဘယ်သို့လျှင်၊ငါသည် ဤအမတ်၏အသွေခင်ပွန်းအဖြင်ကိုင်း၊ရန်သူအဖြစ်ကိုင်း၊သိခြင်း ငါတတ်စွမ်းနိုင်အံ့နည်းဟုကြံ၍။ဤပြဿနာကိုမြတ်စွာဘုရားမှတ ပါး၊အခြားသူသည်၊သိခြင်းငါမစွမ်းနိုင်လတ္တံ့၊မြတ်စွာဘုရားမှသာ သိခြင်းငါစွမ်းနိုင်ရာ၏ဟုနှလုံးပြု၍။နံနက်စာစားပြီးသော်၊ မြတ်စွာ ဘုရားထံသို့ချဉ်းကပ်၍၊ဘုန်းတော်အစုံဂုဏ်တော်အနန္တနှင့်ပြည့် စုံတော် မူလှသော မြတ်စွာဘုရား။ လူဖြစ်သောသူသည်။မိမိ၏အ သွေခင်ပွန်းအဖြစ်ကိုင်း၊ရန်သူ၏အဖြင်ကိုရင်း၊ အသို့လျှင်သိခြင်း ငါတတ်နိုင်ပါမည်နည်းဟု၊မေးလျှောက်လေ၏။

ထိုအခါကောသလမင်းကြီးကိုမြတ်စွာဘုရားသည်မြတ်သော မင်းကြီး၊ရှေးအခါ၌လည်း။ပညာရှိတို့သည်ဤပြဿနာကိုကြံကုန် ၍၊ပညာရှိတို့ကိုမေးခြင်းကြောင့်၊ထိုပညာရှိတို့သည်ဖြေဆိုသည်၏ အစွမ်းဖြင့်သိရ၍။ ရန်သူတို့ကိုဝေးစွာကြဉ်ရှောင်လျက်အသွေခင် ပွန်းကောင်းတို့ကို မှီဝဲဆည်း ကပ်ဘူးကုန်ပြီဟု မိန့်တော် မူပြီး၍၊

ကောသလမင်းကြီးသည်တောင်းပန်အပ်ရကား၊ အတိတ်ဆောင်၍ဟောကြားတော်မူသတည်း။

မြတ်သောမင်းကြီး။လွန်လေပြီးသောအခါ၊ဗါရာဏသီပြည်၌၊ ဗြဟ္မဒတ္တမည်သော မင်းသည်၊ မင်းပြုသည်ရှိသော်၊ ငါဘုရားအလောင်းတော်သည် ဗြဟ္မဒတ်မင်း၏ အကျိုးအကြောင်းကို ဆုံးမတတ်သေါအမတ်ပညာရှိဖြစ်၏။ထိုအခါဗါရာဏသီမင်း၏အကျိုးစီးပွားကိုလိုလားသဖြင့် ကျင့်သောအမတ်ကို ကြွင်းကုန်သောအမတ်တို့သည်၊ဇာသာတရားပွားများကုန်ကြရကား။ ဖျက်ဆီးသောအားဖြင့် ပြောကြားကြကုန်သော်၊ ဗြဟ္မဒတ်မင်းသည်လည်း၊ထိုအမတ်၏အပြစ်ကိုမမြင်၍။အဘယ်သို့လျှင် ရန်သူ၏အဖြစ်ကို သိရပါမည်နည်းဟုရန်သူ၏သက္ခဏာကိုသိခြင်းငှါ။

၁ ကာနိကမ္မာနိကုဗ္ဗာနံ၊ကထံဝိညူပရက္ကမေ။
အမိတ္တံဇာနေယျမေဓာဝီ၊ဒိသွာသုတွာစပဏ္ဍိတော။ ။

ဟူသောဂါထာကိုရွတ်ဆို၍မေးတော်မူ၏။

၁ ပဏ္ဍိတ၊သုံခမိန်။ ကာနိကမ္မာနိ၊အဘယ်အံမှုတို့ကို။ကုဗ္ဗာနံ၊ကရောန္တံ၊ပြုသည်ဖြစ်၍။မေဓါဝီ၊ထိုးထွင်း၍သိသော။ပဏ္ဍိတော၊ ပညာရှိသည်။ဒိသွာစ၊မြင်၍၎င်း။သုတွာစ၊ ကြား၍၎င်း။အမိတ္တံ၊အဆွေခင်ပွန်းမဟုတ်သည်၏အဖြစ်ကို။ဇာနေယျ၊သိရာသနည်း။တသာ၊ ထိုအဆွေခင်ပွန်းမဟုတ်သောသူကို။ ဇာနနတ္ထံ၊သိခြင်းအကျိုးငှါ။ဝိညူ၊သိကြားလိမ္မာပညာရှိသည်။ ကထံ၊အသို့လျှင်။ပရက္ကမေ၊ လုံ့လပြုရာသနည်း။ ။ဟုမေးလေသော်။ဘုရားလောင်းသည်၊ ထိုဗြဟ္မဒတ်မင်းအား။

၁ နနံဥမှယတေဒိသွာ၊ နစနံပဋိနန္ဒတိ။
စက္ခူနိဿနဒဒါတိ၊ပဋိလောမဥ္စဝတ္တတိ။ ။

၂ အမိတ္တေတဿဘဇတိ၊ မိတ္တေတဿနသေဝတိ။
ဝဏ္ဏကာမေနိဝါရေတိ၊အက္ကောသေနွေပသံသတိ။ ။

၃ ဂုယှဥ္စတဿနာက္ခာတိ၊ တဿဂုယှံ နဂူဟတိ။
ကမ္မံတဿနဝဏ္ဏေတိ၊ပညမဿနပသံသတိ။ ။

၄ အဘဝေနန္ဒတိ တဿ၊ ဘဝေတဿ နနန္ဒတိ။
အစ္ဆေရံဘောဇနံလဒ္ဓါ၊ တဿနုပ္ပဇ္ဇတေသတိ။ ။
*တတောနံနာနုကမ္ပတိ၊ အဟောသောပိလဘေယျတော။
၅ ဣစ္စေတေသောဠသာကာရာ၊ အမိတ္တသ္မိံပတိဋ္ဌိတာ။
ယေဟိအမိတ္တံဇာနေယျ၊ ဒိသွာသုတွာစပဏ္ဍိတော။ ။ဟူ
သောဂါထာတို့ဖြင့်၊ ရန်သူ၏လက္ခဏာကိုထင်လျှားစွာပြလေ၏။

မဟာရာဇ၊ မြတ်သောမင်းကြီး။ နံ၊ ထိုရန်ဘက်ဖြစ်သောသူကို။ ဒိသွာ၊ မြင်၍။ နဥမှယတေ၊ မပြုံးမရွှင်။ ၁ ။နံ၊ ထိုရန်ဘက်ဖြစ်သောသူကို။ နစပဋိနန္ဒတိ၊ မနှစ်သက်။ ၂ ။အဿ၊ ထိုရန်ဘက်ဖြစ်သောသူအား။ စက္ခုံ၊ မျက်စိတို့ကို။ နဒဒါတိ၊ မပေး။ ၃ ။(မကြည့်ဟုဆိုလိုသည်)။ ပဋိလောမဉ္စ၊ ဆန့်ကျင်ဘက်ကိုလည်း။ ဝတ္တတိ၊ ကျင့်၏။ ၄ ။ တဿ၊ ထိုရန်ဘက်ဖြစ်သောသူ၏။ အမိတ္တေ၊ ရန်သူတို့ကို။ ဘဇတိ၊ မှီဝဲဆည်းကပ်၏။ ၅ ။တဿ၊ ထိုရန်ဘက်ဖြစ်သောသူ၏။ မိတ္တေ၊ အဆွေခင်ပွန်းတို့ကို။ နသေဝတိ၊ မမှီဝဲမဆည်းကပ်။ ၆ ။ ဝဏ္ဏကာမေ၊ ချီးမွမ်းလိုသောသူတို့ကို။ နိဝါရေတိ တားမြစ်၏။ ၇ ။ အက္ကောသကေ၊ ဆဲရေးလိုသောသူတို့ကို။ ပသံသတိ၊ ချီးမွမ်း၏။ ၈ ။ တဿ၊ ထိုရန်ဘက်ဖြစ်သော သူအား။ ဂုယှဉ္စ၊ လျှို့ဝှက် အပ်သောသိုးသိုးစကားကိုလည်း။ နအက္ခာတိ၊ မကြား။ ၉ ။ တဿ၊ ထိုရန်ဘက်ဖြစ်သောသူ၏။ ဂုယှံ၊ လျှို့ဝှက်အပ်သောစကားကို။ နဂူဟတိ၊ မလျှို့ဝှက်။ ၁၀ ။တဿ၊ ထိုရန်ဘက်ဖြစ်သောသူ၏။ ကမ္မံ၊ အမှုကို။ နဝဏ္ဏေတိ၊ မချီးမွမ်း။ ၁၁ ။အဿ၊ ထိုရန်ဘက်ဖြစ်သောသူ၏။ ပညံ၊ ဉာဏ်ပညာကို။ နပသံသတိ၊ မချီးမွမ်း။ ၁၂ ။တဿ၊ ထိုရန်ဘက်ဖြစ်သောသူ၏။ အဘဝေ၊ ပျက်စီးခြင်း၌။ နန္ဒတိ၊ နှစ်သက်၏။ ၁၃ ။ တဿ၊ ထိုရန်ဘက်ဖြစ်သောသူ၏။ ဘဝေ၊ စီးပွားခြင်း၌။ နနန္ဒတိ၊ မနှစ်သက်။ ၁၄ ။အစ္ဆေရံ၊ ကောင်းမြတ်သော။ ဘောဇနံ၊ ဘောဇဉ်ကို။ လဒ္ဓါ၊ ရသည်ရှိသော်။ တဿ၊ ထိုရန်ဘက်ဖြစ်သောသူအား။ ဒဒါမိတိ၊ ပေးအံ့ဟူ၍။ သတိ၊ အောက်မေ့ခြင်းသည်။ နဥပ္ပဇ္ဇတေ၊ မဖြစ်။ ၁၅ ။ယတော၊ အကြင်အကြောင်းကြောင့်။ အဟောသောပိ၊ မရှုင်ပြသည်

ဖြစ်၍လည်း။ဒုက္ခံ၊ဆင်းရဲကို။သဘော၊ရရာ၏။တတော၊ထိုအကြောင်းမှ။နံ၊ထိုရန်ဘက်ဖြစ်သောသူကို။ နာနုကမ္ပတိ၊ နူးညံ့သောစိတ်ဖြင့်လွတ်ပါစေဟုမကြံ။ ၁၆ ။*နာနုကမ္ပတီတိမှ ဒုစိတ္တေနနုစိန္တေတိ။ အဋ္ဌကထာ။*။ယေဟိ၊အကြင်-၁၆-ပါးသောအကြောင်းတို့ဖြင့်။ ဝါ၊လက္ခဏာတို့ဖြင့်။ပဏ္ဍိတော၊ ပညာရှိသည်။ဒိဿွာစ၊မြင်၍၎င်း။ သုတွာစ၊ကြား၍၎င်း။အမိတ္တံ၊ရန်သူကို။ ဇာနေယျ၊သိရာ၏။ဣမေ တေသောဠသာကာရာ၊ဤ-၁၆ ပါးသောအကြောင်းတို့သည်။အမိတ္တသ္မိံ၊ရန်သူဖြစ်သောပုဂ္ဂိုလ်၌။ပတိဋ္ဌိတာ၊တည်ကုန်၏။

*ဤသို့ဘုရားလောင်းပြောကြားအပ်သော ရန်သူ၏သိကြောင်းနိမိတ်တံဆိပ်လက္ခဏာ-၁၆-ပါးကို။လွယ်ဆင့်တကူကြည့်ယူမှတ်သားရန်သရုပ်ထုတ်၍ပြဦးအံ့၊*။

၁။ ရန်ဘက်ဖြစ်သောသူကိုမြင်၍။ မပြုံးမရွှင်နိုင်ခြင်းလက္ခဏာ..................................၁....ပါး။
၂။ ထိုရန်ဘက်ဖြစ်သော သူကို မနှစ်သက်နိုင်ခြင်း လက္ခဏာ ........................................၁....ပါး။
၃။ ရန်ဘက် ဖြစ်ဘူးသော သူအား မကြည့်နိုင်ခြင်းလက္ခဏာ................................... ၁....ပါး။
၄။ ဆန့်ကျင်ဘက်ကိုကျင့်ခြင်း လက္ခဏာ ....၁....ပါး။
၅။ ထိုရန်ဘက်ဖြစ်သောသူ၏ ရန်သူတို့ကိုမှီဝဲဆည်းကပ်ခြင်းလက္ခဏာ .........................၁....ပါး။
၆။ ထိုရန်ဘက်ဖြစ်သောသူ၏အဆွေခင်ပွန်းတို့ကိုမမှီဝဲမဆည်းကပ် နိုင်ခြင်း လက္ခဏာ ............၁....ပါး။
၇။ ချီးမွမ်းလိုသောသူတို့ကိုတားမြစ်ခြင်းလက္ခဏာ၁ပါး။
၈။ ကဲ့ရဲ့လိုသောသူတို့ကိုချီးမွမ်းခြင်းလက္ခဏာ ၁ ပါး။
၉။ ထိုရန်ဘက်ဖြစ်သောသူအား လျှို့ဝှက်အပ်သောမိမိစကားကိုမပြောကြားခြင်း လက္ခဏာ........၁....ပါး။
၁၀။ ထိုရန်ဘက်ဖြစ်သောသူ၏လျှို့ဝှက်အပ်သောစကားကိုမလျှို့ဝှက်ခြင်းလက္ခဏာ.......................၁....ပါး။

၁၁။ ထိုရန်ဘက်ဖြစ်သောသူ၏ အမှုကို မချီးမွမ်းခြင်းလက္ခဏာ ............................... ၁....ပါး။

၁၂။ ထိုရန်ဘက်ဖြစ်သောသူ၏ဉာဏ်ပညာကိုမချီးမွမ်းခြင်းလက္ခဏာ ............................. ၁ ....ပါး။

၁၃။ ထိုရန်ဘက်ဖြစ်သော သူ၏ ပျက်စီးခြင်း၌ နှစ်သက်ခြင်းလက္ခဏာ ............................. ၁ ....ပါး။

၁၄။ ထိုရန်ဘက်ဖြစ်သောသူ၏ကြီးပွါးခြင်း၌မနှစ်သက်ခြင်းလက္ခဏာ ............................. ၁ ....ပါး။

၁၅။ ကောင်းမြတ်သော ဘောဇဉ်ကိုရသည်ရှိသော်။ ထိုရန်ဘက်ဖြစ်သောသူအား၊ ပေးအံ့ဟု မအောက်မေ့ခြင်းလက္ခဏာ ............................... ၁.... ပါး။

၁၆။ အကြင်အကြောင်းမှမ ရှုံးပြသည်ဖြစ်၍။ ဆင်းရဲခြင်းကိုရ၏။ထိုအကြောင်း၌ ထိုရန်ဘက်ဖြစ်သောသူကို နူးညံ့သောစိတ်ဖြင့် ဆင်းရဲမှလွတ်ပါစေဟု မကြံခြင်း လက္ခဏာ............................... ၁ ....ပါး။

*ဤ-၁၆-ခုမြောက်သော လက္ခဏာ၌ ထင်ရှားရန်ပမာဆိုသော်။ ရာဇဝတ်မင်းဒဏ်ဖြင့် အချုပ်အနှောင်ခံရသောသူသည်။ ထိုရာဇဝတ်မင်းဒဏ်ဘည်းဟူသောအချုပ်အနှောင်မှမလွတ်မြောက်ရ၍၊ ဆင်းရဲခြင်းဒုက္ခကိုခံစားရ၏။ ထိုအခါတယောက်သောသူသည်၊ ရန်သူဖြစ်ရကား၊ထိုရန်ဘက်ဖြစ်သောသူကို၊ ရာဇဝတ်မင်းဒဏ်မှလွတ်မြောက်ရန်၊ကာယကံမေတ္တာ၊ ဝစီကံမေတ္တာဖြင့်၊ ရှက်ဆောင်အားထုတ်ပြုလုပ်မည်ကိုမဆိုထားဘိ။ မနောကံမေတ္တာတည်းဟူသောစိတ်ဖြင့်မှသော်လည်း။သိုဆင်းရဲမှလွတ်ပါစေဟုမကြံမိခြင်းကိုဆိုလိုသည်။*၊

ဤကားရန်သူ့လက္ခဏာ-၁၆-ပါး၏သရုပ်။

ဆိုအပ်ကုန်ပြီးသောဂါထာတို့ဖြင့်၊ရန်သူ၏လက္ခဏာ-၁၆-ပါးကိုဘုရားဟောင်းပြသဖြင့်၊သိရပြီး၍၊တဘန်မြဟ္မဒတ်မင်းသည်

ဘုရားလောင်းအားအဆွေခင်ပွန်း၏လက္ခဏာကိုထင်စွာပြစေလို
သောကြောင့်။

၁ ကာနိကမ္မာနိကုဗ္ဗာနံ၊ကထံဝိညူပရက္ကမေ။
မိတ္တံဇာနေယျမေဓာဝီ၊ဒိသွာသုတွာစပဏ္ဍိတော။ ။

ဟူသောဂါထာဖြင့်မေးတော်မူ၏။

၁ ပဏ္ဍိတ၊သုခမ်း။ကာနိကမ္မာနိ၊ အဘယ်အမှုတို့ကို။ ကုဗ္ဗာ
နံ-ကရောန္တော၊ ပြုသည်ဖြစ်၍။ မေဓာဝီ၊ထိုးထွင်း၍သိသော။ပဏ္ဍိ
တော၊ပညာရှိသည်။ ဒိသွာစ၊မြင်၍၎င်း။သုတွာစ၊ကြား၍၎င်း။မိတ္တံ၊
အဆွေခင်ပွန်း၏အဖြစ်ကို။ဇာနေယျ၊သိရာသနည်း။ တသ၊ထိုအ
ဆွေခင်ပွန်း၏အဖြစ်ကို။ဇာနနတ္ထံ၊သိခြင်းအကျိုးငှာ။ဝိညူ၊သိကြား
လိမ္မာ ပညာရှိသည်။ ကထံ၊အဘယ်သို့လျှင်။ ပရက္ကမေ၊လုံ့လပြုရာသ
နည်း။ ။ဟုမေးလေသော်၊ဘုရားလောင်းသည်ထိုပြဟ္မဒတ်မင်းကြီး
အား၊အဆွေခင်ပွန်း၏လက္ခဏာကိုထင်စွာပြလိုသောကြောင့်။

၁ ပဝုဋ္ဌံတဿသရတိ၊အာဂတံပဋိနန္ဒတိ။
တတောကေလာယိတောဟောတိ၊ဝါစာယပဋိနန္ဒတိ။ ။

၂ မိတ္တေတဿ ဝ ဘဇတိ၊ အမိတ္တေတဿနသေဝတိ။
အက္ကောသန္တေနိဝါရေတိ၊ဝဏ္ဏကာမေပသံသတိ။ ။

၃ ဂုယှဉ္စတဿအက္ခာတိ၊ တဿဂုယှဉ္စဂူဟတိ။
ကမ္မဉ္စတဿဝဏ္ဏေတိ၊ပညမဿပသံသတိ။ ။

၄ ဘဝေနန္ဒတိ တဿစ၊အဘဝေတဿနနန္ဒတိ။
အစ္ဆေရံဘောဇနံလဒ္ဓါ၊တဿဥပ္ပဇ္ဇတေသတိ။ ။
*တတောနံအနုကမ္ပတိ၊ပဟာသောပိလဘေယတော။

၅ ဣစ္စေတေသောဠသာကာရာ၊ မိတ္တသ္မိံ သုပ္ပတိဋ္ဌိတာ။
ယေဟိမိတ္တံသုဇာနေယျ၊ဒိသွာသုတွာစပဏ္ဍိတော။

ဟူသောငါးဂါထာကိုရွတ်ဆို၏။

မဟာရာဇ၊မြတ်သောမင်းကြီး။ပဝုဋ္ဌံ၊ကွေကွင်းလတ်သော်။တ
ဿ၊ ထိုအဆွေခင်ပွန်းအား။သရတိ၊ အောင်းမေ့၏။၁။ အာဂတံ၊
လာလတ်သေါအဆွေခင်ပွန်းကို။ပဋိနန္ဒတိ၊နှစ်သက်၏။၂။တတော၊

ထိုလာခြင်းကြောင့်။ကေလာယတိတော၊မြတ်နိုးသဖြင့်အလိုရှိသည်။ ဟောတိ၊ဖြစ်၏။ ၃ ။ဝဏ္ဏံ စသည၊သသပသသော စကားဖြင့်။တံ၊ထိုအဆွေခင်ပွန်းကို။သမုဒါစရန္တော၊ပြောဟောနှုတ်ဆက်လျက်။ပဋိနန္ဒတိ၊နှစ်သက်၏။ ၄ ။ဘာသ၊သုံအဆွေခင်ပွန်း၏။ဝိဘဝေ၊အဆွေခင်ပွန်းတို့ကို ယသော်လျှင်။ ဘဇတိ၊မှီဝဲဆည်းကပ်၏။ ၅ ။တဿ၊ထိုအဆွေခင်ပွန်း၏။အဘိဝေ၊ရန်သူတို့ကို၊နသေဝတိ၊မမှီဝဲမဆည်းကပ်။ ၆။အက္ကောသန္တော၊အဆွေခင်ပွန်းအား ဆဲရေးသောသူတို့ကို။နိဝါရေတိ၊တားမြစ်၏။ ၇ ။ဝဏ္ဏကာမေ၊အဆွေခင်ပွန်း၏ကျေးဇူးကိုဆိုလိုသောသူတို့ကို၊ ပသံသတိ ချီးမွမ်း၏။ ၈။ တဿ၊ ထိုအဆွေခင်ပွန်းအား။ ဂုယှဉ္စ၊လျှို့ဝှက်အပ်သော စကားကိုလည်း။ အက္ခာတိ၊ ကြားလာ၏။ ၉ ။ဘာသ၊ ထိုအဆွေခင်ပွန်း၏။ဂုယှဉ္စ၊ လျှို့ဝှက်အပ်သောစကားကိုလည်း။ဂုဟာတိ၊ လျှို့ဝှက်၏။ ၁၀ ။တဿ၊ထိုအဆွေခင်ပွန်း၏။ကမ္မဉ္စ၊အမှုကိုလည်း။ဥဏ္ဏောဘိ၊ချီးမွမ်း၏။ ၁၁ ။အဿ၊ ထိုအဆွေခင်ပွန်း၏။ ပညံ၊ဥာဏ်ပညာကို၊ ပသံသတိ၊ချီးမွမ်း၏။ ၁၂ ။တဿ၊ထိုအဆွေခင်ပွန်း၏။ဘဝေစ၊စီးပွါးဖြစ်ခြင်း၌လည်း။နန္ဒတိ၊နှစ်သက်၏။ ၁၃ ။တဿ၊ထိုအဆွေခင်ပွန်း၏။ အဘဝေ၊အစီးအပွားမဲ့၌။နနန္ဒတိ၊မနှစ်သက်။ ၁၄ ။အဆွေ့ရဲ၊ကောင်းမြတ်သော။ ဘောဇနံ၊ဘောဇဉ်ကို။လဒ္ဓါ၊ရ၍။ တသ တသ၊ ထိုထိုအဆွေခင်ပွန်းအား။ ဒဒါမိတိ၊ ပေးအံ့ဟု၊ သတိ၊ အောက်မေ့ခြင်းသည်။ ဥပ္ပဇ္ဇတော၊ဖြစ်၏။ ၁၅ ။ယေတော၊အကြင်အကြောင်းမှ၊ ပဟာသေသပိ၊ ရွှင်လန်းသည်ဖြစ်၍လည်း။ သုခံ၊ချမ်းသာကို၊ လဘော၊ရရာ၏။ တတော၊ ထိုအကြောင်းမှ။ နံ၊ထိုအဆွေခင်ပွန်းဖြစ်သောသူကို။ အနုကမ္ပတိ၊ချီးညှံ့သောစိတ်ဖြင့်ကြံ၏။ ၁၆ ။ယေဟိ၊အကြင်-၁၆-ပါးသောအကြောင်းတို့ဖြင့်။ပဏ္ဍိတော၊ပညာရှိသည်။ဒိသွာစ၊မြင်၍ရင်း။သုတွာစ၊ကြား၍ရင်း။မိတ္တံ၊အဆွေခင်ပွန်းကောင်းကို၊ သုဇာနေယျ၊ ကောင်းစွာသိရာ၏။ ဣမေသောဠသာကာရာ၊ဤ-၁၆-ပါးသော အကြောင်းတို့သည်။မိတ္တသ္မိံ၊အဆွေခင်ပွန်းကောင်း၌။ သုပ္ပတိဋ္ဌိတာ၊ကောင်းစွာတည်ကုန်၏။ * ။ကေလာယတိတော၊ ဟူသောပုဒ်၌။ ကောလေ-

ဓာတ်၊ တ-ငရှည်း။ မမာယနအနက်၌ဖြစ်၏။ ။ကောလေမမာယ နေ။ သဒ္ဒနီတိ။ ။ကောလာယတိမမာယတိပတ္ထေတိပိယေတိဇုဆ္ထ တိတိအတ္ထော။ အဋ္ဌကထာ။ *။

ဤသို့အဆွေခင်ပွန်းကောင်း၏လက္ခဏာ-၁၆-ပါး၊ ရန်သူ၏လက္ခဏာ-၁၆ ပါးကို၊ ဘုရားလောင်းဖြေကြားသော်။ ဖြဟ္မဒတ်မင်းသည် နှစ်သက်တော်မူလှ၍၊ ဘုရားလောင်းအားများစွာသော စည်းစိမ်ချမ်းသာကိုပေး၏။

(သဗ္ဗညုတအတုလသည်ဤဓမ္မဒေသနာကိုဆောင်တော်မူ၍၊ ကောသလမင်းကြီးအားဟောကြားတော်မူ၏)။

*ဤသို့ဘုရားလောင်းဖြေကြားအပ်သောအဆွေခင်ပွန်းကောင်း၏လက္ခဏာ-၁၆-ပါးကို ကြည့်ရှုမှတ်လွယ်စေရန်၊ သရုပ်အား ဖြင့်ထင်ရှားစွာပြဦးအံ့။ *။

၁။ ကွေကွင်း၍နေရသော်၊ ထိုအဆွေခင်ပွန်းအား အောက်မေ့ခြင်းလက္ခဏာ ... ... ၁ .... ပါး။

၂။ လာလတ်သော အဆွေခင်ပွန်းကို နှစ်သက်ခြင်း လက္ခဏာ ... ၁ .... ပါး။

၃။ ထိုသို့လာခြင်းကြောင့်မြတ်နိုးခြင်းလက္ခဏာ.... ၁ ပါး။

၄။ သာယာသော စကားဖြင့် ထိုအဆွေခင်ပွန်းကို ပြောဆိုနှုတ်ဆက်ခြင်းလက္ခဏာ ... ၁ .... ပါး။

၅။ ထိုအဆွေခင်ပွန်း၏ မိတ်ဆွေတို့ကို သာလျှင် မှီဝဲဆည်းကပ်ခြင်းလက္ခဏာ ... ၁ .... ပါး။

၆။ ထိုအဆွေခင်ပွန်း၏ရန်သူတို့ကိုမမှီဝဲမဆည်းကပ်ခြင်းလက္ခဏာ ... ၁ .... ပါး။

၇။ အဆွေခင်ပွန်းအားဆဲရေးသောသူတို့ကိုတားမြစ်ခြင်းလက္ခဏာ ... ၁ .... ပါး။

၈။ အဆွေခင်ပွန်း၏ ကျေးဇူးကိုဆိုလိုသောသူတို့ကို ချီးမွမ်းခြင်းလက္ခဏာ ... ၁ .... ပါး။

၉။ အဆွေခင်ပွန်းအား လျှို့ဝှက်အပ်သောစကားကိုလည်း ကြားလာခြင်းလက္ခဏာ ......................၁....ပါး
၁၀။ ထိုအဆွေခင်ပွန်း၏ လျှို့ဝှက်အပ်သောစကားကိုလည်း လျှို့ဝှက်ခြင်းလက္ခဏာ ....... ............ ၁ ....ပါး
၁၁။ ထိုအဆွေခင်ပွန်း၏ အမှုကိုလည်း ချီးမွမ်းခြင်းလက္ခဏာ ................................ ၁ ....ပါး
၁၂။ ထိုအဆွေခင်ပွန်း၏ ဥာဏ်ပညာကို ချီးမွမ်းခြင်း လက္ခဏာ.......................... .........၁ ....ပါး
၁၃။ ထိုအဆွေခင်ပွန်း၏ကြီးပွါးခြင်း၌ နှစ်သက်ခြင်း လက္ခဏာ .......... ...................... ၁ ....ပါး
၁၄။ ထိုအဆွေခင်ပွန်း၏ အစီးအပွါးမဲ့၌ မနှစ်သက်ခြင်းလက္ခဏာ ................................ ၁ ....ပါး
၁၅။ ကောင်းမြတ်သော ဘောဇဉ်ကို ရ၍ထိုအဆွေခင်ပွန်းအားပေးအံ့ဟုအောက်မေ့ခြင်းလက္ခဏာ ....၁....ပါး
၁၆။ အကြင်အကြောင်းမှ ရှင်လန်းသည်ဖြစ်၍လည်းချမ်းသာကို ရ၏။ ထိုအကြောင်းမှ ထိုအဆွေခင်ပွန်းဖြစ်သောသူကိုနူးညံ့သောစိတ်ဖြင့်ကြံစည်ခြင်းလက္ခဏာ ၁ ပါး
ဤကားအဆွေခင်ပွန်း၏လက္ခဏာ-၁၆- ပါး သရုပ်။

*လက္ခဏာကိုထင်စွာပြထားပြီ။*

---

ဤသို့မြတ်စွာဘုရားသည်။ ကောသလ မင်းကြီးအား ဟောကြားတော်မူအပ်သော မိတ္တာမိတ္တဇာတ်သာဝကအား လျော်စွာ၊ ရန်သူ၏လက္ခဏာ-၁၆-ပါး၊အဆွေခင်ပွန်း၏လက္ခဏာ-၁၆-ပါး နှင့်တကွ၊ ရှေး၌ပြဆိုအပ်ပြီးသော အညဒတ္ထုဟာရစသောအဆွေခင်ပွန်းတုရန်သူ ၄ ယောက်၊ဥပကာရမိတ္တစသောအဆွေခင်ပွန်းစစ်-၄-ယောက်အားဖြင့်-၈-ယောက်ကုန်သောမိတ္တ၏အဖြစ်အမိတ္တ၏အဖြစ်တို့ကိုဟောတော်မူအပ်သောအကြောင်းနိမိတ်အစိတ်အင်္ဂါလက္ခဏာအားလျော်စွာထင်ထင်ထျားထျား၊ ပိုင်ပိုင်နိုင်နိုင်၊

သိနိုင်မြင်နိုင်ကြပြီး၍။သပ္ပုရိသအပေါင်းသူတော်ကောင်းတို့သည်၊ ပစ္စုပ္ပန်တမလွန်၊ နှစ်တန်သောလောကနှင့်ပင်၊ အကျိုးမပြီးအချည်းနှီး ဖြစ်သောမိတ္တပတိရူပကပစ္စာမိတ္တအမိတ္တဟူသော ရန်သူမျိုးကိုအ သိပ်သိီးကိုစားရမည့်ယောကျ်ားသည် ကြောင်အားကြီးစွာဖြစ်ရာ သကဲ့သို့ရင်း။ရာဇဝတ်မင်းဒဏ်အပြစ်ခံရမည်ကိုလွန်မင်းစွာကြောင် ရွံ့လှသဖြင့်။ ဖုံးကွယ်ရာအရပ်တပါးသို့ပြေးသွားရှောင်ရှားသော သူကဲ့သို့ရင်း။အရိယာဖြစ်သောသာသမာဝတီဒိဘုရားအား၊မကောင်း ကြံ၍၊မာဂဏ္ဍီဒိဘုရားသည်၊လှည့်စားခါကြက်ကိုသတ်စေသဖြင့်၊ ပါတောတိပါတအမှုပြုရမည်ကို လွန်မင်းစွာကြောက် ရွံ့တုန်လှုပ် လှသောသာသမာဝတီဒိဘုရားကဲ့သို့ရင်း။အလွန်အလွန်ကြောက်ရွံ့ သောအားဖြင့်။ ဝေးဝေးက ရှောင်ရှားကြရမည်။ ထိုသို့ရန်သူကို ဝေးစွာရှောင်ရှား၍ဆိုအပ်ပြီးသောအင်္ဂလက္ခဏာနှင့်ပြည့်စုံသော ကလျာဏမိတ္တအဆွေခင်ပွန်းကောင်းများကိုသာ၊ အမြဲမပြတ်မှီဝဲ ဆည်းကပ်ကြကုန်ရာသည်။ထိုကြောင့်။ဓမ္မပဒပါဠိတော်၊ပဏ္ဍိတ ဝဂ်၊ဆဋ္ဌမထေရ်ဝတ္ထု၌။

၁ နဘဇေပါပကေမိတ္တေ၊နဘဇေပုရိသာဓမေ။

ဘဇေထမိတ္တေကလျာဏေ၊ဘဇေထပုရိသုတ္တမေ။ ။

ဟုဟောတော်မူ၏။

ပါပကေ၊ဆိုးသွမ်းလှစွာယုတ်မာကုန်သော။မိတ္တေ၊အဆွေခင် ပွန်းတို့ကို။ နဘဇေ၊ဝေးစွာရှောင်လွှဲမှီဝဲရာ။ ပုရိသာဓမေ၊ ကဲ့ရဲ့ ထိုက်စွာယုတ်မာကုန်သော ယောကျ်ားတို့ကို။ နဘဇေ၊ ဝေးစွာ ရှောင်လွှဲမှီဝဲရာ။ကလျာဏေ၊ သီလအစရှိသောဂုဏ်ဖြင့်ကောင်း ကုန်သော။ မိတ္တေ၊အဆွေခင်ပွန်းတို့ကို။ ဘဇေထ၊ပေါင်းဖော်ယှဉ် တွဲမှီဝဲရာ၏။ပုရိသုတ္တမေ၊မြတ်သောစွာသော၊ သိုယောကျ်ားတို့ကို။ဘ ဇေထ၊ပေါင်းဖော်ယှဉ်တွဲမှီဝဲရာ၏။ ။ဂါထာအနက်။

ဤသို့ဟောတော်မူအပ်သော ဒေသနာတော်အတိုင်း ကလျာ ဏမိတ္တသပ္ပုရိသဖြစ်သောအဆွေခင်ပွန်းကောင်းကိုသာ မပြတ်မ လပ်မှီဝဲဆည်းကပ်ခြင်းကိုမပြုပါဘဲ၊ ရိုက်မှားသော ဉာဏ်ဖြင့်ပါ

ယမိထ္ထ အသုံးရှိသ ဖြစ်သော အဆွေခင်ပွန်းကောင်းမဟုတ်၊ သူယုတ်မာကိုမှီ၍ဆည်းကပ်ခဲ့ကြ၍ကား၊ သပ္ပုရိသုပနိဿယဟုဆိုအပ်သောမှီရာသူတော်ကောင်းကင်းသဖြင့်မလျော်မတရားမှောက်မှားကြ၍၊တမလွန်ဘဝတပါးမှာအပါယ်-၄-ပါးသို့သွားရသည့်ပြင်၊ယခုမျက်မှောက်၌လည်းမွေ့လျော်ပေါ်သ၊စရိုက်ဘာဝမသူတော်ဓမ္မကြောင့်၊ ရှေးမဆွက ပြုသင့်ပြုထိုက်သော သဒ္ဓမ္မဟူ၊ သူတော်ကောင်းတို့အမ်းကြောင်းတံတွာ ဓမ္မတာရှိသည့်အတိုင်း၊မပြုကျင့်အားမထုတ်ကြသဖြင့်၊ခိုးယမ်းကုန်မှထွက်ချသည်ဟူသောပေါ်ရာထာစကားအတိုင်း၊အချိန်လွန်မှသတိရ၍ဝိပ္ပဋိသာရနောင်တတဘန်ပူပန်ကြရလိမ့်မည်။ဤကဲ့သို့ပူပန်ရခြင်းသည်လည်း၊ကလျာဏမိတ္တကင်းသောကြောင့်သာ ဖြစ်သည်။ ထို့အတွက် ဆုံးမဩဝါဒပေးတတ်သောကလျာဏမိတ္တသပ္ပုရိသဟူသောသူတော်ကောင်းသို့သာ မှီ၍ဆည်းကပ်၍ ဝိပ္ပဋိသာရနောင်တတဘန်ပူပန်ခြင်းမဖြစ်ရအောင်ပြုသင့်ပြုအပ်သောအကြောင်းတရားဆယ်ပါးတို့ကို၊ရှေးမဆွကပြုရအားထုတ်ကြရမည်။ ဤကဲ့သို့အားမထုတ်ပါက၊နောင်တတဘန်ပူပန်ခြင်းဖြစ်ကြရမည်ဟု၊မှချမှတ်ကုန်ရာသည်။ ။ဤအရာ၌အဘယ်ဝတ္ထုသာဓကကိုထောက်ဆ၍သိရပါမည်နည်းဟူမူ။

မြတ်စွာဘုရားသည် သာဝတ္ထိပြည်ပုဗ္ဗာရုံဇေတဝန်ကျောင်း၌သီတင်းသုံးနေတော်မူစဉ်၊ မင်းစည်းစိမ်ဖြင့် ရစ်၍ ရှေးအခါကဲ့သို့ဘုရားအားဆည်းကပ်ခြင်းကိုမပြု မေ့လျော့၍ကြာမြင့်မှသတိရ၍ဆည်းကပ်လာသောကောသလမင်းအားအကြောင်းထါး၍၊ဟောကြားတော်မူသော၊ပုဏ္ဏနိပါတ်-ဇနသန္ဓ ဇာတ်ကိုထောက်ဆ၍ သိကြရမည်။

မြတ်သောမင်းကြီး၊ရှေးလွန်လေပြီးသောအခါ၊ဗာရာဏသီပြည်၌၊ဗြဟ္မဒတ်မင်း၊မင်းပြုသည်ရှိသော်။ ငါဘုရားလောင်းသည်မိဘုရား၏ဝမ်း၌၊ပဋိသန္ဓေနေ၍ ဘွားမြင်သော်၊ဘုရားလောင်းအားဇနသန္ဓဟူသောအမည် ကိုမှည့်ကုန်၏။ အရွယ်ရောက်သော်၊ တက္ကသိုလ်ဆရာ့ထံမှ၊ အလုံးစုံသော အတတ်တို့ကို သင်ယူ၍ပြန်လာ

သော်၊ဘုရားလောင်းအားဗြဟ္မဒတ်မင်းကြီးသည်။ အိမ်ရှေ့အရာကိုနှင်းအပ်တော်မူ၏။ ထိုအခါ ဘုရားလောင်း ဇနသန္ဓမင်းသည် နောက်အဘို့၌ ခမည်းတော်ဗြဟ္မဒတ်မင်းကြီး၊နတ်ရွာစံတော်မူသဖြင့်၊ မင်းပြု၍။ မြို့တံခါးလေးမျက်နှာမြို့လယ် နန်းတော်တံခါးအားဖြင့်။ခြောက်ပါးသော အရပ်၌ဒါနတို့၌၊ အလှူမဏ္ဍပ်တို့ကိုဆောက်လုပ်စေ၍နေ့တိုင်းနေ့တိုင်းခြောက်သိန်းသောဥစ္စာတို့ကိုစွန့်သဖြင့်။ ဇမ္ဗူဒိပ်ကျွန်းအလုံးကိုချောက်ချားစေ၍၊ အလှူကြီးကိုပေးတော်မူလျက်။နှောင်အိမ်တို့ကိုအမြဲဖွင့်စေပြီးလျှင်၊တရားတည်းဟူသော ဘဏ္ဍာတိုက်ကို သုတ်သင်စေ၍၊ သင်္ဂဟတရား-၄-ပါးတို့ဖြင့်။ လူအပေါင်းတို့ကို ချီးမြှောက်တော်မူလျက်၊ သီလကို စောင့်ရှောက်ဆောက်တည်လျက်၊ တရားနှင့်အညီမင်းပြုတော်မူသတည်း။ အကြားအကြား၌လည်းပြည်သူပြည်သားတို့ကိုစည်းဝေးစေ၍။ဒါနကိုပြုကြကုန်။သီလကိုဆောက်တည်ကြကုန်။ ဘာဝနာကိုပွားကြကုန်။ဘုရားနှင့်အမှုကိုနှင်းရောင်းဝယ်ခြင်းကိုဍင်းပြုကြကုန်။ ငယ်ရွယ်စဉ်ကပင်၊ အတတ်ပညာဥစ္စာတို့ကို ရှာဖွေကြကုန်။စဉ်းလဲသောအမှုကုန်းချောသောစကားကိုဆိုခြင်းမှ၊ရှောင်ကြဉ်ကြကုန်။ ကြမ်းထမ်းသော အမှုအရာတို့ကို မဖြင်ကြစေကုန်လင့်။ မိဘ တို့အားပြုရသော ဝတ်ငါးပါးကိုဖြည့်ကြကုန်၊ကြီးသော သူတို့အားအရိုအသေကိုပြုကြကုန်ဟုတရားသ ဖြင့်ဆုံးမ၍၊ ပြည်သူအပေါင်းကိုဘရား၌တည်စေတော်မူ၏။ ထိုအခါဘုရားလောင်းသည်။ တနေ့သ၌။၁၅-ရက်မြောက်သောဥပုသ်နေ့၌၊ ဥပုသ်ဆောက်တည်၍ပြည်သူပြည်သားအပေါင်းတို့ကို စည်းဝေးစေပြီးလျှင်၊ မင်းရင်ပြင်ဝယ် တန်းဆာဆင်အပ်သော ရတနာမဏ္ဍပ်အလယ်၌ တင့်တယ်စွာနေတော်မူ၍။ပြည်သူပြည်သားအပေါင်းတို့၊သင်တို့အားငါတရားဟောအံ့။ ရိုသေစွာနာကြားကြကုန်ဟုဆို၍၊ ဟောအပ်သောတရားတော်ကို၊ကောသလမင်းကြီးအားမြတ်စွာဘုရားသည်ထင်လျှားစွာပြုတော်မူလိုသည်ဖြစ်၍။

၁ ဒသခလုရှမာနိဋ္ဌာ၁၁နိ၊ ယာနိ ပုဒ္ဓေအကာရိဘွာ။
သာ ပုံ ၁မှုတ ပ္ပတိ၊ ရတ္တေဝါဟာ ဇနသဒ္ဓော။ ။

၂ အသဒ္ဒါဝိဇ္ဇဂ္ဂံ ဘပ္ပတိ၊ ပုဒ္ဓေအသမ ဒါနိတံ။
နပုဒ္ဓေဓနဒမယသိ၊ ရတိပဋ္ဌာနနုဘပ္ပတိ။ ။

၃ သကျျချပ် ပုဒ္ဓေသန္တံ၊ မသာဒါ ပွံနဒိက္ခိတံ။
ကိန္တာ ဂုဏ္ဏိအသိပ္ပသ၊ ရတိပဋ္ဌာနနုဘပ္ပတိ။ ။

၄ ကုဋုဝေဒိပုဒ္ဓေ အာသဉ် ပဓိသုဏော ပဋိမံသိကော။
ဝင္ဂလာဝဗရိသောဝါပိ၊ ရတိပဋ္ဌာနနုဘပ္ပတိ။ ။

၅ ပါဏာဘိပါတိ ပုဒ္ဓေအာသဉ်၊ လုဒ္ဒေါဝါပိအနုရိသော။
ဘုဘာနံနဝဓာယိသိ၊ ရတိပဋ္ဌာနနုတပ္ပတိ။ ။

၆ ဗဟုသုတသက္ကိသု၊ အနုပါဒါသုရှေထ္ထိသု။
ပခဒါရံအသေဒိသိ၊ ရတိပဋ္ဌာနနုတပ္ပတိ။ ။

၇ ဗဟုမိဒ္ဓိတသက္ကိမိ အနုပါနေဥပဋ္ဌိဘော။
နပုဒ္ဓေအဒံဒါနံ၊ ရတိပဋ္ဌာနနုတပ္ပတိ။ ။

၈ မာတရံပိတာချဉ္စာပိ၊ ဖိဏ္ဏကံဂါဘယာဗ္ဗနံ။
ပဟာသဒ္ဓေနပေါသိသိ၊ ရတိပဋ္ဌာနနုဘပ္ပတိ။ ။

၉ အာစရိယမနုသဇ္ဈာရံ၊ သဗ္ဗကာမရသာဟာရံ။
ပိဘာရံအတိမညိသိ၊ ရတိပဋ္ဌာနနုတပ္ပတိ။ ။

၁၀ သမဏေဗြာဟ္မဏေဝါပိ၊ သီလဝန္တေဗဟုဿုတေ။
နပုဒ္ဓေပယိရုပါသိသိ၊ ရတိပဋ္ဌာနနုတပ္ပတိ။ ။

၁၁ သာဓုဟောဘိဘဝေ ပဓိပုဏ္ဏာ၊ သနက္ကာဝဓာယိရုပါသိဘော။
နပုဒ္ဓေဘဝေ ဂိဟောဘ ရတိပဋ္ဌာနနုဘပ္ပတိ။ ။

၁၂ သောဝစဘောနိဋ္ဌာနနိ၊ သောနိသောဝဒိပဋ္ဌတိ။
ကာရံ ပုရိသ ဒိဋ္ဌာနိ၊ သပဋ္ဌာနနုဘပ္ပတိ။ ။

ဟူသော-၁၂-ဂါထာတို့ကိုဟောတော်မူ၏။

မဟာရာဇ၊ ကောသလမင်းကြီး။ ဒသ၊ ဆယ်ပါးကုန်သော။ ယာနိ ရှာမာနိဋ္ဌာနနိ၊ ဤအကြောင်းတို့ကို။ ပုဒ္ဓေ၊ ဦးစွာကာလ။ ရှေးမဆွ ကာ။ အကာရိတွာ၊ မပြုမိသည်ရှိသော်။ သော၊ ထိုသူသည်။ ပဋ္ဌာ၊ နောင်

ဒိုမင်းသောကာလ၌။အနုတပ္ပတိ၊ဘန်ဘန်ထပ်ထပ်၊ပူပန်ရတတ်၏။ဇာတိဇေ၀၊ဤသို့လျှင်။ဒုနသဋ္ဌေ၊ဒုနသဋ္ဌမင်းသည်။၁၊ပြည်သူအပေါင်းကိုသုစရိတ်တရားတို့၌၎င်း၊ ပဋ္ဋပြန်သံသရာစီးပွါးတို့၌၎င်း၊ စေ့ငပ်တတ်သည်၏ အဖြစ်ကြောင့်၊ ဇနသဋ္ဌမည်သောမင်းသည်။အာဟာခလု၊ဟော သတတ်။လဒ္ဓါ၊ရထိုက်ရသင့်သော။ဝိတ္တုံ၊ဥစ္စါကို။အလဒ္ဓါ၊မရသည်ရှိသော်။တပ္ပတိ၊စိုးရိမ်ပူပန်ရတတ်၏။ပုဗ္ဗေ၊ရှေးငယ်ရွယ်စဉ်အခါ၌။ဓနံ၊ဥစ္စာကို။အာသမုဒါနိတံ၊ငါမရဆောင်းမိလေ။ ပုဗ္ဗေ၊ရှေးငယ်ရွယ်စဉ်အခါ၌။ဓနံ၊ဥစ္စာကို။ နဇေသိဿံ၊ငါမရှာမိလေ။ဇာတိဇေ၀၊ဤသို့လျှင်။ ပစ္ဆာ၊နောင်အိုမင်းသောကာလ၌။အနုတပ္ပတိ၊ဘန်ဘန်ထပ်ထပ်၊စိုးရိမ်ပူပန်ရတတ်၏။ ၁။ပုရေ၊ရှေးငယ်သောကာလ၌။ သန္တံ၊ထင်ရှားရှိသော။ အာစရိယံ၊ ဆရာသို့။ပယိရုပါသိတွာ၊ဆည်းကပ်၍။မယာ၊ ငါသည်။ကာဘုံ၊ပြုခြင်းငှါ။သကျရူပံ၊ စွမ်းနိုင်သော ဥာဏ်ရည်သဘောရှိသည်။ သမာနံ၊ဖြစ်ပါလျက်။ သိပ္ပံ၊ ဆင်စီး မြင်းစီး အစရှိသော အသက် မွေးရာ မွေးကြောင်းတစုံတခုသော အတတ်ကောင်းကို။ နသိက္ခိတံ၊ မသင်မိလေ။အသိပ္ပဿ၊အတတ်ပညာမရှိပါသောသူအား။ဝုတ္တိ၊အသက်မွေးခြင်းသည်။ ကိစ္ဆာ၊ ငြိုငြင်ဆင်းရဲ၏။ ဇာတိဇေ၀၊ဤသို့လျှင်။ပစ္ဆာ၊နောင်အိုသောအခါ၌။အနုတပ္ပတိ၊ဘန်ဘန်ထပ်ထပ်၊စိုးရိမ်ပူပန်ရတတ်၏။ ၂။ပုရေ၊ရှေးငယ်ရွယ်စဉ်အခါ၌။ကူဋဝေဒီ၊စဉ်းလဲခြင်းကို ပြုမိသည်။အာသိံ၊ဖြစ်၏။ ပိဋ္ဌိမံသိကော၊သူတပါးတို့ကျောကုန်းသားကိုစားတတ်သော။ပိသုဏော၊ ချောပစ်သောစကားကိုဆိုတတ်သောသူသည်။ အာသိံ၊ဖြစ်၏။စဏ္ဍော၊စ၊ ခက်ထန်သည်၎င်း။ဖရုသော၊စာပိ၊ကြမ်းကြုတ်သည်၎င်း။အာသိံ၊ဖြစ်၏။ဇာတိဇေ၀၊ဤသို့လျှင်။ပစ္ဆာ၊မရဏာသန္နဆောင်း၊ကံန်းအောင်းသောနောက်အဘို့၌။အနုတပ္ပတိ၊ ဘန်ဘန်ထပ်ထပ်၊ပူပန်ရတတ်၏။ ၃။အဟံ၊ငါသည်။ပုရေ၊ရှေးအခါ၌။ပါဏာတိပါတီ၊သူ့အသက်သတ်ခြင်းကိုပြုမိသည်။အာသိံ၊ဖြစ်၏။လုဒ္ဒေါစ၊ ကြမ်းကြုတ်သည်၎င်း။အနရိယောစ၊သူတော်မဟုတ်သူယုတ်သည်၎င်း။ဘူတာနံ၊သတ္တဝါတို့

ကို။နဘပစာပဋိသံ၊ခန္ဓိမေတ္တာ၊ကရုဏာဖြင့်၊နှိုင်းချရှိသေသောအ
ကျင့်ရှိသည်မဖြစ်မီ။ရှုတိဝေ၀ံ၊ဤသို့လျှင်။ပဉ္စ၁၊နေ့ခင်းအိုမင်းသော
အခါ၌။အနူဘပ္ပတိ၊ဘန်ဘန်ထပ်ထပ်၊ဖိုးရိုင်းပူပန်ရတတ်၏။ ၄။အ
နဘပါဒါသုံ၊သူတပါးတို့သည်မသင်မနားဆဲညည်းအပ်ကုန်သော။ * ။အ
ညောဟိအကတပဒိဂ္ဂဟောသုတိအဓွေ့ာ။ ။အဒ္ဒကထာ၊ ။ * ။ဗဟုသု၊
များစွာကုန်သော။ရှုဋ္ဌိသု၊မိန်းမတို့သည်။သန္တိ၊သုံ၊ရှိကုန်လျက်။ပရ
ဒါရံ၊သူ့မယားကို။အသေဝိသံဝတာ၊မှီဝဲမိချေ၏တကား။ရှုတိဝေ၀ံ၊
ဤသို့လျှင်။ပဉ္စ၁၊နေ့ခင်းအိုမင်းသောကာလ၌။အနူတပ္ပတိ၊ဘန်ဘန်
ထပ်ထပ်၊ပူပန်ရတတ်၏။ ၅ ။ဥပဋ္ဌိတော၊ရှေ့ရှုတည်သော။ဗဟုမို၊
များစွာသော။ အန္နပါနေ၊ထမင်းအဖျော်သည်။သန္တမို၊ရှိပါလျက်။
အဟံ၊ငါသည်။ပုဗ္ဗေ၊ရှေး၌။ ဒါနံ၊ အလှူကို၊အဒဒံဝတာ၊ မလှူမိတ
ကား။ရှုတိဝေ၀ံ၊ဤသို့လျှင်။ ပဉ္စ၁၊ နေ့ခင်းအိုသောအခါ၌။ အနူတပ္ပ
တိ၊ ဘန်ဘန်ထပ်ထပ်၊ ပူပန်ရတတ်၏။ ၆ ။ဗိတ္တာကာံ၊ အိုမင်းသည်
ဖြစ်၍။ဂတယောဗ္ဗနံ၊ တတိယအရွယ်သို့ရောက်ပြီးသော။ မာတရ
မို၊အမိကိုရင်း။ ပိတရဉ္စ၊ အဘကိုရင်း။ပဟု၊ ဥစ္စာအားကိုယ်အား
ဖြင့်စွမ်းနိုင်သည်။ သန္တော၊ ဖြစ်ပါလျက်။နပေါသိသံ၊ ငါမကျွေး
မွေးမိ။ ရှုတိဝေ၀ံ၊ ဤသို့လျှင်။ ပဉ္စ၁၊ နေ့ခင်း အိုမင်းသော အခါ၌။
အနူတပ္ပတိ၊ ဘန်ဘန် ထပ်ထပ်၊ ပူပန်ရတတ်၏။ ၇ ။အာစရိ
ယံ၊ လက်ဦး ဆရာဖြစ်သော။ အနုသတ္ထာရံ၊ အဘန်တလဲလဲဆုံးမ
တတ်သော။သဗ္ဗကာမရသာဟာရံ၊အလုံးစုံသော ဝတ္ထုကာမအရ
သာကို ဆောင်၍ မွေးကျွေးပေသော။ ပိတရံ၊ အဘကို၊အတိမညိ
သံ၊ မထေမဲ့မြင်ငါပြုမိ၏။ ရှုတိဝေ၀ံ၊ ဤသို့လျှင်။ ပဉ္စ၁၊နေ့ခင်းအို
မင်းသောအခါ၌။ အနူတပ္ပတိ၊ဘန်ဘန်တပ်ထပ်၊ ပူပန်ရတတ်၏။
၈။ သိလဝန္တေ၊သီလရှိကုန်သော။ဗဟုသုတေ၊များသောအကြား
အမြင်ရှိကုန်သော။သမဏေစပိ၊ရဟန်းတို့ကိုရင်း။ဗြာဟ္မဏေစ
ပိ၊မကောင်းမှုကိုအပပြုပြီးသော အရှင်မြတ် တို့ကိုရင်း။ အဟံ၊ငါ
သည်။ပုဗ္ဗေ၊ရှေး၌၊နပယိရုပါသိံ၊ပစ္စည်းလှူလျက်မဆည်းကပ်
မိ။ရှုတိဝေ၀ံ၊ဤသို့လျှင်၊ပဉ္စ၁၊နေ့ခင်းအိုမင်းသောအခါ၌။ အနူဘပ္ပ

တိ၊ဘန်ဘန်ထပ်ထပ်၊ ကိုးရိုပ်ပူပန်ရတတ်၏။ ၉ ။ဝိဿောတ္ထာ၊လေ့လာအပ်သော။တပေါ၊ဖြိုးဖြိုစွာကျင့်အပ်သောသုစရိတ်အကျင့်သည်။သာရ၊ ကောင်းသည်။ဟောတိ၊ ဖြစ်၏။ ပယိရုပါသိတော၊ဆည်းကပ်အပ်သော။သန္တော၊ဒွါရသုံးပါးတို့ဖြင့် ငြိမ်သက်သောသီလဝန္တပုဂ္ဂိုလ်သည်။သာရ၊ကောင်းသည်။ဟောတိ၊ဖြစ်၏။ပုဗ္ဗေ၊ရှေးကလျှင်။ မယာ၊ငါသည်။ တပေါ၊ ဖြိုးဖြိုသော အကျင့်ကို၊ နဝအာဝိဿောတ္ထာ၊ မကျင့်မိ။ဇာတိဇရံ၊ဤသို့လျှင်။ပစ္ဆာ၊နောင်အိုမင်းသော အခါ၌။အနုတပ္ပတိ၊ဘန်ဘန်ထပ်ထပ်ပူပန်ရတတ်၏။ ၁၀။ယောစ၊အကြင်သူသည်ကား။ဧတာနိဌာနာနိ၊ ဤဆယ်ပါးသောအကြောင်းတို့ကို။ယောနိသော၊အသင့်အားဖြင့်။ပဋိပဇ္ဇတိ၊ကျင့်၏။ သော၊ထိုသူသည်။ပုရိသကိစ္စာနိ၊သူတကာတို့၏ပြုရာကိစ္စတို့ကို။ ကရံ-ကရောန္တော၊ပြုသည်ဖြစ်၍။ပစ္ဆာ၊နောက်ကါလ၌။နာနုတပ္ပတိ၊နောင်တတဘန်မပူပန်ရပေ။ ။ဤကားပါဠိတော်၏အနက်။

*ဤပါဠိတော်ဖြင့်၊ဝိပ္ပဋိသာရနောင်တတဘန်၊ပူပန်ရတတ်ခြင်းအကြောင်း-၁၀ ပါး။မပူပန်ရတတ်ခြင်းအကြောင်း-၁၀-ပါးကိုပြတော်မူသည်။ ။ဝိပ္ပဋိသာရဖြစ်ရတတ်ခြင်းအကြောင်း-၁၀-ပါးကိုသိက။ အပြန်အလှန်နည်း အားဖြင့် မဖြစ် ရတတ်ခြင်း အကြောင်း-၁၀-ပါးကို။ထင်ရှားစွာသိကြရမည်။ ဆိုခဲ့ပြီးသောအကြောင်း-၁၀-ပါးတို့ကို ပြုကျင့်ကြက၊ နောင်အိုမင်းသောအခါ၊နောင်တတဘန်ကိုးရိုပ်ပူပန်ခြင်းမရှိရပြီဟုဆိုလိုသည်။ ။မပြုမကျင့်ကြက၊ကိုးရိုပ်ပူပန်ခြင်းရှိရလိမ့်မည်ဟုဆိုလိုသည်။ ။သရုပ်ကားထင်ရှားပြီ။ *။

ဤသို့လျှင်၊ ဘုရားလောင်း ဇနသန္ဓမင်းကြီးသည်။ လခွဲတကြိမ်ပြည်သူအပေါင်းတို့အားတရားဟောတော်မူ၏။ပြည်သူအပေါင်းတို့လည်း ဘုရားလောင်း၏အဆုံးအမ၌တည်၍၊ဆယ်ပါးသောအကြောင်းတို့ကိုဖြည့်ကျင့်သဖြင့်၊ ယခုဒိဋ္ဌပစ္စက္ခအကျိုးကိုခံစားကြ၍။ တမလွန်ဘဝသို့ ပြောင်းကြသောအခါ၌လည်း။ နတ်ပြည်သို့သာသွားကြရကုန်၏။ ။သဗ္ဗညုတ၊အတုလသည်၊ဤဓမ္မဒေသနာ

ကိုဆောင်တော်မူ၍၊ ကောသလမင်းကြီးအား ဟောကြားတော်မူခဲ့သတည်း။

ဤသို့ဟောကြား တော်မူအပ်သောဒေသနာတော်မြတ်ကိုဘုရားအပ်ထင်ထင် သိမြင်ကြကုန်သော သူတော်ကောင်း အပေါင်း တို့သည်။ ပစ္စုပ္ပန် သံသရာနှင့်ဖြာသော အကျိုးတရား ကို ခံစားရလိမ့်မည်မှု ချမှာ၊ ဥဿုံပညာရှေ့ပြေး ကြပါသဖြင့်၊ ငယ်ရွယ်စဉ်ကာလက၊ ပြုသင့်ပြုထိုက်သောအကြောင်းအယ်ပါ တို့ကို၊ နောင်အခါ သမယ၌ ဝိပ္ပဋိသာရမဖြစ်ရအောင်ကြိုးစား၍၊ အားထုတ်ကြကုန်ရာသည်။

ထိုမှတပါး၊ အမည်အားဖြင့် မကင်ရှားသော ပုဏ္ဏားတယောက်သည်၊ မြတ်စွာဘုရားရှိရာသို့ ချဉ်းကပ်၍၊ မြတ်စွာဘုရားနှင့်တကွ၊ ဝမ်းမြောက်ဝမ်းသာစကားဆို၍၊ ခြောက်ပါးသောနိသဇ္ဇဒေါသ-ထိုင်နေခြင်း၏ အပြစ်တို့ကိုကြဉ်၍၊ သင့်တင့်လျော်ပတ်သော နေရာ၌နေပြီးလျှင်။ ကောနုခေါ ဘောဂေါတမဟေတု၊ ကောပစ္စယော။ ယေနမိဓေကစ္စေသတ္တာကာယဿဘေဒါပရမ္မရဏာအပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပဇ္ဇန္တီတိ၊ ဟူသော စကားကိုလျှောက်ထား၏။ ။ဘောဂေါတမ၊ အိုအရှင်ဂေါတမ။ ခေါ၊ စင်စစ်။ ဟေတု၊ အကြောင်းသည်ကား။ ကောနု၊ အဘယ်ပါနည်း။ ပစ္စယော၊ အကြောင်းသည်ကား။ ကော၊ အဘယ်ပါနည်း။ ယေန၊ အကြင်အကြောင်းကြောင့်။ ဣဓ၊ ဤလောက၌။ ဧကစ္စေ၊ အချို့ကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ ကာယဿ၊ ခန္ဓာကိုယ်၏။ ဘေဒါ၊ ပျက်စီးသည်မှနောင်၌။ ပရမ္မရဏာ၊ သေသည်မှနောင်၌။ အပါယံ၊ ကုသိုလ်ကောင်းမှုပြုခြင်းမှကင်းသော။ ဒုဂ္ဂတိံ၊ မကောင်းသောသူတို့၏လားရာဖြစ်သော။ ဝိနိပါတံ၊ အထူးထူးအပြားပြားကျရောက်ရာဖြစ်သော။ နိရယံ၊ ငရဲသို့။ ဥပပဇ္ဇန္တိ၊ ဖြစ်ရကုန်၏။ တေန-သောဟေတုပစ္စယော၊ ထိုအကြောင်း သည်ကား။ ကောနု၊ အဘယ်ပါနည်း။ ဣတိ၊ ဤသို့သော အာဂါရိကပုစ္ဆာကို။ အဝေါစ၊ မေးလျှောက်၏။ ။အနက်။

⊛ ဤ၌အိမ်ရာထောင်သောလူတို့နှင့်စပ်ယှဉ်သောအာဂါရိက

ပုဗ္ဗာ၊ဒိမ်ရာမထောင်ကုန်သောရဟန်းတို့နှင့်စပ်ယှဉ်ကုန်သော
အနာဂါရိကာပုဗ္ဗာဒအားဖြင့်-၂-ပါးသောပုဗ္ဗာတွင်၊လူတို့နှင့်သါ
စပ်ယှဉ်သောအာဂါရိကာပုဗ္ဗာဟူ၍မှတ်။ ။ကောသဟောတုကော
ပစ္စယောဟူသောပုဒ်၌၊ဟောတုသဒ္ဒါနှင့်ပစ္စယသဒ္ဒါသည်၊ သဒ္ဒါချေ့
သာလွဲကြ၏။ အနက်ကားအထူးအပြားမရှိ၊ အကြောင်းဟူသော
အနက်တပါးကိုသာ၊ ဤအရာ၌ဟော၏။ တပါးသော အရာ၌အနက်
ကား၊အထူးအပြားရှိသေး၏ ဟုမှတ်ရမည်။ ။ထို့ကြောင့်ဒုကနိ
ပါတ်အင်္ဂုတ္တိုရ်အဋ္ဌကထာ၌။ ။တတ္ထကောသဟောတုကောပစ္စယော
တိဥဘယမ္ပေတံကာရဏဝေဝစနမေဝ၊ဟုဖွင့်၏။အနက်ကားထင်ရှား
ပြီ၊ ။ရုင်း၏ဋီကာ၌လည်း။ ။ဣဓပနစက္ခာရောခေါဘိက္ခဝေမဟာ
ဘူတာဟောတု စက္ခာရော မဟာဘူတာ ပစ္စယော ရူပက္ခန္ဓဿပ
ညာပနာယာတိ အာဒိသုဝိယ ဟောတုပစ္စယသဒ္ဒါ သမာနတ္ထာတိဒ
ဿေန္တော ဥဘယမ္ပေတံကာရဏဝေဝစနမေဝါတိအာဟ၊ဟုဖွင့်၏။
ပိဋကတ္တယအဓိပ္ပါယ်ကား။ စက္ခာရောခေါဘိက္ခဝေမဟာ ဘူတာ-စ
သော ပါဠိတော်၌ကဲ့သို့၊ ဟောတုသဒ္ဒါ-ပစ္စယသဒ္ဒါတို့သည်။တူမျှ
သောအနက်ရှိ၏ဟုပြခြင်းငှါ၊ဥဘယမ္ပေတံ၊စသောစကားကို၊အာ
ဋ္ဌကထာရှင်မိန့်သတည်း။ ။ဤကားအဓိပ္ပါယ်။ *။

ထိုအခါမြတ်စွာဘုရားသည်ပုဏ္ဏား၏မေးလျှောက်အပ်သော
စကားကိုပြန်ကြားဖြေဆိုတော်မူခြင်းငှါ။ ။အဓမ္မစရိယဝိသမ
စရိယဟောတုခေါဗြာဟ္မဏဧဝမိဓေကစ္စေသတ္တာကာယဿဘေ
ဒါပရမ္မရဏာအပါယံဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပဇ္ဇန္တီတိ၊ ဟူ
သောဒေသနာကိုမိန့်တော်မူသည်။ ။ဗြာဟ္မဏ၊ ပုဏ္ဏား။ခေါ၊
စင်စစ်ရှု၍။အဓမ္မစရိယဝိသမစရိယဟောတု၊ဆယ်ပါးသောအကု
သလကမ္မပထကိုပြုခြင်း။ ထိုအကုသလ ကမ္မပထသည်ပင်လျှင် မ
ညီမညွတ်ဖရိုဖရဲရှိရကား၊ထိုဝိသမကို ပြုခြင်းတည်းဟူသော အ
ကြောင်းကြောင့်။ ။(အဓမ္မဿစရိယာ အဓမ္မစရိယာ၊ အဓမ္မကရ
ဏန္တိ အတ္ထော။ ။အဋ္ဌကထာ)။ ။ဣဓ၊ဤလောက၌။ဧကစ္စေ၊အချို့
ကုန်သော။သတ္တာ၊သတ္တဝါတို့သည်။ကာယဿ၊ခန္ဓာကိုယ်၏။ဘေ

ဒါ၊ပျက်သည့်မှနောက်၌။ပရမ္မရဏာ၊သေသည့်မှ နောက်၌။အပါယံ၊ကုသိုလ်ကောင်းမှုပြုခြင်းမှကင်းသော။ဒုဂ္ဂတိံ၊ မကောင်းသောသူတို့၏လားရာဖြစ်သော။ဝိနိပါတံ၊အထူးထူးအပြားပြားကျရော်ရာဖြစ်သော။ နိရယံ၊ငရဲသို့။ဥပပဇ္ဇန္တိ၊ ဖြစ်ကြရကုန်၏။ဣတိ၊ဤသို့ဖြေကြားတော်မူ၏။ ။အနက်။ * ။ဤ၌အဓမ္မစရိယဝိသမစရိယဟူရာ၌အဓမ္မစရိယဟူသည်၊ ပါဏာတိပါတ၊ စသောအကုသလကမ္မပထတရားဆယ်ပါးပင်တည်း။ ထိုဆယ်ပါးသည်ပင်မညီမညွတ်သော အတိုက်ရှိခြင်းကြောင့် ဝိသမ မည်၏။ သဒ္ဒါနှစ်ပါးဖြင့်သော်လည်း။ ဒေသနာ ဝိလာသ အရကား တူကြ၏။ ။ထို့ကြောင့်။အဓမ္မစရိယာစသော ဝိသမစရိယာစာတိအဓမ္မစရိယဝိသမစရိယာ။ ။အဋ္ဌကထာပနေတ္ထ အဓမ္မစရိယာနာမဒသအကုသလကမ္မပထာ၊ဟု-အဋ္ဌကထာရှင်ခိန့်၏။ *။

ထိုအခါပုဏ္ဏားကြီးသည်။ ။ကောနုခေါဘောဂေါတမဟေတု၊ကောပစ္စယော။ယေနမိဓေကစ္စေသတ္တာကာယဿဘေဒါပရမ္မရဏာ သုဂတိံသဂ္ဂံ လောကံ ဥပပဇ္ဇန္တီတိ၊ ဟူသော စကားကို လျှောက်ထားပြန်၏။

ဘောဂေါတမ၊ အရှင်ဂေါတမ။ခေါ ၊စင်စစ်။ယေန အကြင်အကြောင်းကြောင့်။ ဣဓ၊ ဤလောက၌။ ဧကစ္စေ၊အချို့ကုန်သော။သတ္တာ၊သတ္တဝါတို့သည်။ကာယဿ၊ခန္ဓာကိုယ်၏။ဘေဒါ၊ပျက်သည့်မှနောက်၌။ ပရမ္မရဏာ၊ သေသည့်မှ နောက်၌။ သုဂတိံ၊ကောင်းသောသူတို့၏လားရာ ဖြစ်သော။သဂ္ဂံလောကံ၊ နတ်ပြည် လောကသို့။ဥပပဇ္ဇန္တိ၊ ဖြစ်ရကုန်၏။ တေန-သောဟေတု၊ ထိုအကြောင်းသည်ကား။ကောနု၊ အဘယ်နည်း။ တေန-သော ပစ္စယော၊ထိုအကြောင်းသည်ကား။ကော၊အဘယ်ပါနည်း။ဣတိ၊ဤသို့မေးလျှောက်၏။ ။အနက်။*။ဤ၌ဟေတုပစ္စယောကား၊ဒေသနာဝိလာသ။*။

ထိုအခါ မြတ်စွာဘုရားသည်ပုဏ္ဏားတို့၏မေးလျှောက်အပ်သောစကားကို ပြန်ကြား ဖြေဆိုတော်မူလို၍။ ။ဓမ္မစရိယာ သမစရိယာဟေတုခေါ ဗြာဟ္မဏာ ဧဝမိဓေကစ္စေသတ္တာကာယဿဘေဒါပ

ရမ္မရဏာသုဂတိ သဂ္ဂံလောကံဥပပဇ္ဇန္တီတိ၊ဟူသောဒေသနာကို မိန့်တော်မူ၏။ ။ဖြာဟ္မဏာ၊ပုဏ္ဏား။ခေါ၊စင်စစ်။ဓမ္မစရိယာသမစ ရိယဟောတု၊ဒါနစသော ကုသိုလ်ကမ္မပထတရားဆယ်ပါးကိုပြု ခြင်း၊ထိုကုသိုလ် ကမ္မပထသည်ပင် ညီညွတ်ခြင်းရှိရကား၊ သမ ကိုပြုခြင်းတည်းဟူသောအကြောင်းကြောင့်၊ဣဓ၊ဤလောက၌။ဧ ကစ္စေ၊အချို့ကုန်သော။သတ္တာ၊သတ္တဝါတို့သည်။ကာယဿ၊ခန္ဓာ ကိုယ်၏။ဘေဒါ၊ ပျက်သည်မှနောက်၌။ ပရမ္မရဏာ၊သေသည်မှ နောက်၌။ သုဂတိ၊ ကောင်းသောသူတို့၏ သွားရာ ဖြစ်သော။သဂ္ဂံ လောကံ၊နတ်ပြည်လောကသို့။ဥပပဇ္ဇန္တိ၊ဖြစ်ရကုန်၏။ဣတိ၊ဤသို့ ဖြေကြားတော်မူ၏။ ။အနက်။

*ဓမ္မစရိယာနာမဒသကုသလကမ္မပထာတိဝေဒိတဗ္ဗာ။ ။အ ဋ္ဌကထာ။ ။ဤ၌လည်းအလုံးအဖြတ်ကို ဆိုအပ်ပြီးသောကျေ ပက္ခအတူ၊အပြ၊ အသှန်အားဖြင့်သိအပ်၏။*။

ဤကဲ့သို့မထင်ရှားသော ပုဏ္ဏားတယောက်အား၊မြတ်စွာဘု ရားဟောကြားတော်မူသောအခါ။ ထိုပုဏ္ဏားသည်အရှင်ဂေါတ မကောင်းပေစွ၊ ကောင်းပေစွ၊ ဥပမာ မည်သည်ကား၊ မှောက်၍ ထားအပ်သောအိုးကို၊လှန်၍ပြသကဲ့သို့ ငင်း။ ဖုံးလွှမ်း၍ထားအပ် သောဝတ္ထုကိုဖွင့်၍ပြသကဲ့သို့ ငင်း။ မျက်စိလည်သောသူအား ခ ရီးကိုပြောကြားသကဲ့သို့ငင်း။အမိုက်တိုက်၌ ဆီမီးညှိထွန်းသကဲ့ သို့ငင်း။မံသစက္ခုနှင့်ပြည့်စုံသောသူသည်၊ ရူပါရုံတို့ကိုမြင်သကဲ့ သို့ငင်း။ ရှင်ကြီး ဂေါတမသည်။ တပါးမက များလှစွာသော အ ကြောင်းဖြင့်တရားကိုပြအပ်ပြီ။ အကျွန်ုပ်သည် ရှင်ကြီး ဂေါတမ ကိုငင်း၊ဟောပြအပ်သော တရားတော်ကိုငင်း၊ ရှင်ကြီးဂေါတမ၏ တပည့်သာဝက ရဟန်းသံဃာကိုငင်း၊ ကိုးကွယ်ရာဟူ၍ဆည်း ကပ်ပါ၏။ အကျွန်ုပ်ကို ရှင်ကြီးဂေါတမသည်၊ ရတနာသုံးပါးကို ဆည်းကပ်ဘတ်သော (ဥပါသကာ)ဟူ၍မှတ်တော်မူပါ။ ယနေ့ ကိုအစပြု၍ အသက်ရှည်သမျှကာလပတ်လုံး၊ ကိုးကွယ်ခြင်းသို့ ရောက်ပါ၏ဟုလျှောက်ထားသတည်း။ ။ဤဆိုအပ်ခဲ့ပြီးသောဝတ္ထု၊

သာဓက ဒေသနာခန္ဓကို ထောက်ဆ၍၊ ကြားနာမှတ်သားရကုန်သောသူတို့သည်၊ အပါယ်ငရဲသို့လားရောက်စေတတ်သောအဓမ္မစရိယဝိသမစရိယ မသူတော်အကျင့်မှ ရှောင်ကြဉ်ကြ၍။ ကောင်းသောသူတို့၏လားရာ နတ်ရွာလောကသို့ ရောက်စေတတ်သောဓမ္မစရိယသမစရိယ ဟူသော သူတော်အကျင့်ကိုသာလျှင်၊ ကျင့်ကြံအားထုတ်ကြရမည်၊ဝါ၊အားထုတ်ကြပါကုန်။

ရတနာသုံးပါးသို့ ဆည်းကပ်တတ်သော ဥပါသကာသည်၊မပြုအပ်သောကုန်သွယ်ခြင်း ငါးပါးကိုပြဆိုအံ့။ ။ပဉ္စိမာဘိက္ခဝေဝါဏိဇ္ဇာဥပါသကေန အကရဏီယာ။ ကတမာပဉ္စ။ သတ္ထဝါဏိဇ္ဇာ သတ္တဝါဏိဇ္ဇာ မံသဝါဏိဇ္ဇာ မဇ္ဇဝါဏိဇ္ဇာ ဝိသဝါဏိဇ္ဇာ။ ဣမာခေါ ဘိက္ခဝေ ပဉ္စဝါဏိဇ္ဇာ ဥပါသကေန အကရဏီယာတိ။ ။ပါဠိတော်။ ။ဘိက္ခဝေ၊ ရဟန်းတို့၊ ပဉ္စ၊ ငါးပါးကုန်သော။ ဣမာဝါဏိဇ္ဇာ၊ ဤကုန်သွယ်ခြင်းတို့ကို၊ ဥပါသကေန၊ ရတနာသုံးပါးသို့ ဆည်းကပ်တတ်သောဥပါသကာသည်၊ အကရဏီယာ၊ မပြုအပ်ကုန်။ ကတမာပဉ္စ၊ အဘယ်ငါးပါးတို့ ပါနည်းဟူမူ။ သတ္ထဝါဏိဇ္ဇာ၊ ဓား-လှံ သေနတ်စသောလက်နက်ကို ကုန်သွယ်ခြင်းရင်း။ ၁။ သတ္တဝါဏိဇ္ဇာ၊ လူဒါတ်ရှိသော သတ္တဝါကို ကုန်သွယ်ခြင်းရင်း။ ၂။ *သတ္တဝါဏိဇ္ဇာတိ မနုဿဝိက္ကယော။ ဋီကာ။* ။မံသဝါဏိဇ္ဇာ၊ ဝက်စသည်တို့ကို ဝအောင် ကျွေးမွေး၍ ကုန်သွယ်ခြင်းရင်း။ ၃။ မဇ္ဇဝါဏိဇ္ဇာ၊ သေရည်ကိုကုန်သွယ်ခြင်းရင်း။ ၄။ ဝိသဝါဏိဇ္ဇာ၊ အဆိပ်ကိုကုန်သွယ်ခြင်းရင်း။ ၅။ ဘိက္ခဝေ၊ ရဟန်းတို့၊ ပဉ္စ၊ ငါးပါးကုန်သော၊ ဣမာဝါဏိဇ္ဇာ၊ ဤကုန်သွယ်ခြင်းတို့ကို၊ ဥပါသကေန၊ ဥပါသကာသည်၊ အကရဏီယာဒိ၊ မပြုအပ်ကုန်၊ ။ပါဠိတော်အနက်။

ဤဒေသနာတော်ကိုထောက်၍၊ ယခုအခါ၊ ကုန်သွယ်ခြင်းနှင့်မကင်းနိုင်ကြကုန်သော ဥပါသကာဥပါသိကာ အပေါင်းတို့သည်၊မကောင်းမြတ်သော မိစ္ဆာဇီဝ မိစ္ဆာဝါဏိဇ္ဇဖြစ်သော ကုန်သွယ်ခြင်း-၅-ပါးကိုကြဉ်ဖယ်၍၊ ကောင်းမြတ်သာသဖြင့်၊ သမ္မာအာဇီဝ

သမ္မာဝါဏိဇ္ဇဖြစ်အောင် ကောင်းသောကုန်သွယ်ခြင်းဖြင့်သာ အသက်မွေးကြကုန်ရာသည်။

အကျဉ်းအားဖြင့် ဆောင်ယူရေးသားမည်ဟူသော ပဋိညာဉ်အတိုင်း "မိစ္ဆာမိစ္ဆလက္ခဏာဝိဘာဝနီ" အမည်ရှိသောကျမ်းကို ဤ၌ဤမျှသောစကား၏အစဉ်ဖြင့်။ စီရင်ခါအပြီးသတ်လိုက်ပါသတည်း။

မိစ္ဆာမိစ္ဆလက္ခဏာဝိဘာဝနီပြီး၏။

---

နိဂုံးဆုတောင်း။

---

ဧတ္တာဝတာစ၊ ရာမညရဋ္ဌသမ္ဘူတေဝိပုလေ နာနာကုလသမာကိဏ္ဏေသာရနံနိဝါသဘူတေမနောရမေ သဿာဝတိ သုံးဆယ်တိ လဒ္ဓသညိတေနဂရေ ထူပါရာမစေတျသသီပေပဝတ္တတ္တာ ထူပါရုံတိသမ္မုတိတံ ရမ္မဏိယံ သီဘန္တာယာမ္ဗုဂုက္ခာဒိ တရုပေတံ ဓမ္မိကာရာမံ အာဒိပ္ပဘာဝပ္ပတ္တိဋ္ဌာပေန္တဿ သာဋ္ဌကထေသုပဉ္စနိကာယပိဋကတ္တယေသုဒုရောဂါဟံ ယံယံအတ္ထံဒုန္နိဉ္ဉေယျံ ဂဏ္ဌိဋ္ဌာနံ၊ တံတံသုနိဗ္ဗုယာသမတ္တဿ ဝိနယာစာရယုတ္တဿ သုရတဿ နိဝါတဝုတ္တိဿ သုစိသံလေခဝုတ္တိနော ဇိနာလင်္ကာရမဟာထေရဿသန္တိကေပါဠိအဋ္ဌကထာဒိနာနာဂန္ထေ သီလက္ခန္ဓာဒိပါဠိပူရိယေဝအာကဍ္ဎမာနော နိဿရဏတ္ထပရိယာပုဋ္ဌနယေန ပရိယာပုဏိတွာ ဝသန္တေန တဿနဂရဿန္တောဂတေ သပြေကုန်းတိပါကဋေပဉ္စဝါဏိဇ္ဇဒေါသေဝဇ္ဇေတွာသမ္မာဝါဏိဇ္ဇကာသိယာအာဇီဝကာနံကုလပုတ္တာနံ နိဝါသဘူတေဋ္ဌာနေ ဓာတိယာပဝတ္တိတေန "ဘဒ္ဒန္တသာဃကေတောတိ" ဂရူဟိဒိန္နာဘိဓာန ပါကဋေန အနူထေရေနမယာ မိစ္ဆာမိစ္ဆလက္ခဏဿဝိဇာနနတ္ထိကာနံ သာဓုဇနာနမတ္ထာယ သဒ္ဒါဝိတ္ထာရသဟိတောယံ ကတော မိစ္ဆာမိစ္ဆ လက္ခဏာဝိဘာဝနီနာမ။ ။တံဂန္ထံ့ သမ္ပုဏ္ဏော ဇိနစက္ကေ ဓမ္မဝရေ သက္ကရာဇေပနသတ္တသတ္တတျာဓိကေဒွိသတေကသဟဿေပေါမန္တမှိ မာဃ

ယာသဿရဇ္ဇာပဂ္ဂပဋ္ဌမိယံ ဘောမဝါရေ နိဋ္ဌံပတ္တံအနာယာသေ
နသုခ နို့။

ဣမိနာပုညကမ္မေန၊ဘဝါဘဝေသုသံသရံ။
ကုဒါစနံ့သေဝေယျံ၊မိတ္တံ့သေဝေယျပဏ္ဍိတံ။ ။

ပထျာဝတ္တဂါထာ။ ။*မိတ္တံ့သေဝေယျန္တိ၊သေဝေယျံဟုဆိုလို
လျက်။ဆန်းကြောင့်နိဂ္ဂဟိတ်ကြသည်။*။

ဓွဇာဝတာစ၊ဤဂန္ထဤမျှအတိုင်းအရှည်ရှိသောစကား၏အစဉ်
ဖြင့်လည်း။ ရာမညရဋ္ဌသမ္မတော၊အောက်ပြည်ဌာန၊နာမခေါ်ပိုင်း၊
ရာမညတိုင်းဟုသမုတ်အပ်သော။ဝိပုလေ၊ သင့်တင့်ခမ်းနားစည်
ပြန့်ပွားသော။နာနာကုလဝေါက်ဏ္ဏော၊ အထူးထူးကုန်သောအမျိုး
တို့ဖြင့် ပြိုးပြွမ်းသော။ သာရုနံ၊ သူတော်ကောင်းတို့၏။ နိဝါသဘူ
တော၊နေရာဖြစ်၍ဖြစ်သော။ မနောရမေ၊ ဧကြည်ရွှင်ပြုံးနှလုံးမွေ့
လျော်၊ ပျော်စဘွယ် ရှိသော။သာယာဝတိ သုံးဆယ်တိ၊သာယာ
ဝတီနယ်၊ "သုံးဆယ်"ဟူ၍။လဒ္ဓသညီတော၊ ရအပ်သောအမည်ရှိ
သော။နဂရေ၊မြို့၌။ ထူပါရာမစေတျသသ၊ လူနတ်ဗြဟ္မာ၊ဝေနေယျာ
တို့၊ ပူဇော်ဦးညွှတ်ရာ ဖြစ်ပြင်းကြောင့်၊ ထူပါရုံမည်သီး၊ စေတီ
တော်ကြီး၏။ သမီပေ၊ ဥပစာလွင်း၊ကပ်ချဉ်း ဆိုင်လတ်၊ အနီးရပ်
၌။ပဝတ္တဋ္ဌာ၊ ဖြစ်ခြင်းကြောင့်။ ထူပါရုံတိ၊ ဌာနင့်ပိမြဲ၊"ထူပါရုံ"
ဟူ၍။သမ္မုတိတံ၊သာ နပတိတာ၊မာမကာတို့၊စာကမှည်းမှတ်၊သ
မုတ်အပ်သော။ရမ္မဏီယ်၊နှလုံးမွေ့လျော်၊ပျော်စချင့်ဘွယ်ရှိသော။
ဝါ၊ကာယဝိဝေ၊ စိတ္တေကဂ္ဂတာ ဖြင့်ရ-ဖြစ်ကြောင်း၊ နှလုံးကောင်း
ဖြင့် မစောင်းမဖယ်၊မွေ့လျော်ဘွယ်ရှိသော၊သိတစ္ဆာယါမ္ဗုရုက္ခာ
ဒိတရုပေတာ၊စိမ်းရွှင်ဝဆာ၊ဧကြည်စွါလှ၊အာဝါသဆိတ် အနုပ်
သွယ်သွယ်၊တင့်တယ်ဘွယ်ရာလှစွါသော၊သရက်ပင်စသော၊သစ်
ပင်ငယ်တို့နှင့်ပြည့်စုံသော။ဓမ္မကါရာမ်၊ကျောင်းပေါင်း-၅-ဆောင်၊
အဓေါင်သွယ်ဂိုက်၊ အုဋ္ဌတိုက် ၄-လုံး၊ ရှေးသုံးစနှ၊တနုပြာသာဒ်၊
စောင်းတန်းနေပ်တာတန်၊ ရေကန်ရေတွင်း၊ စလျှင်းများစွာ၊ဘွယ်ရာ
သိုက်မြိုက်၊ဓမ္မကာရုံကျောင်းတိုက်ကြီးအာရာမ်ကို။ အာဒိပ္ပဘာဝ

ပတိဋ္ဌာပေန္တဿ၊လက်မှန်မဆွ၊ ပဌမတည်ထောင် ဘန်ဆင်းစေ
တော်မူသော။သာဋ္ဌကထေသု၊အဋ္ဌကထာနှင့်တကွဖြစ်ကုန်သော။
ပဥ္စနိကာယပိဋကတ္တယေသု၊ နိကာယ်ငါးရပ်၊ ပိဋကတ်-၃-ပုံတို့
၌။ဒုရောဂါဟံ၊ သက်ဝင်၍ယူနိုင်ခဲသော။ဒုန္နယံ၊ဆုံးဖြတ်နိုင်ခဲ
သော။ယံယံဂဏ္ဌိဋ္ဌာနံ၊ အကြင်အကြင်ခက်ခဲရာဌာနသည်။ အတ္ထိ၊
ရှိ၏။ တံတံဂဏ္ဌိဋ္ဌာနံ၊ ထိုထိုခက်ခဲရာဌာနကို။ သုနယသမတ္ထ
ဿ၊ လွယ်လင့်တကူ၊ ဆုံးဖြတ်၍ယူခြင်းငှါ စွမ်းနိုင်ထသော။ဝိန
ယာစာရယုတ္တဿ၊ဝါရိတ္တသီလ စာရိတ္တသီလနှင့်ပြည့်စုံတော်မူ
ထသော။ ဝါ၊ ပါတိမောက္ခသံဝရစသော သံဝရဝိနည်း၊သမထာ
သာရုပ္ပာစာရဟု ဆိုအပ်သောအာစာရနှင့်လည်း ပြည့်စုံတော်မူ
သော။သုရတဿ၊ကောင်းမြတ်အမှန်၊ကါယကံဝစီကံ၌မွေ့လျော်
ခြင်းရှိတော်မူသော။ နိဝါတဝုတ္တိဿ၊နှိမ့်ချသောကိုယ်စိတ်ရှိတော်
မူသော။ သုစိသံလေခဝုတ္တိနော၊စင်ကြယ်ခေါင်းပါးသော အကျင့်
လည်းရှိထသော။(ဣန္ဒြိယသံဝရသီလ၊အာဇီဝပါရိသုဒ္ဓိသီလ၊ပစ္စ
ယသန္နိဿိတသီလအားဖြင့် သုံးပါးကိုယူ)။ ဇိနာလင်္ကာရ မဟာ
ထေရဿ၊ဘွဲ့တော်နာမ၊ “ဇိနာလင်္ကာရ” ဟု၊ အာသာဘမြွက်ပြီး၊
မဟာထေရ်ကြီး၏။သန္တိကေ၊ဆည်းကပ်ခစား၊ ထံတော်ပါး၌။ပါ
ဠိအဋ္ဌကထာဒိနာနာဂန္ထေ၊ပါဠိတော်ပါ၊အဋ္ဌကထာစသား၊ကျမ်း
အများတို့ကို။သီလက္ခန္ဓာဒိပါရိပူရိယေဝ၊သီလက္ခန္ဓ၊စသည်ကျေး
ဇူး၊ဂုဏ်အထူးတို့၏ပြည့်စုံခြင်းကိုသာလျှင်။ အာကင်္ခမာနော၊လို
ချင်တော်မူသည်ဖြစ်၍။နိဿရဏတ္ထ ပရိယာပုဏနယေန၊သံသ
ရာဝဋ်မှ၊ကျွတ်လွတ်ပါရစေခြင်းအကျိုးငှါ၊သင်ယူခြင်းဟုဆိုအပ်
သောနိဿရဏတ္ထ-ပရိယာပုဏနည်းအားဖြင့်။ ပရိယာပုဏိတွာ၊
ငယ်ရွယ်စဉ်က၊ ယခုကျအောင်၊ ဌာနမကွာ၊ သင်ယူပါ၍။ဝသ
န္တေန၊နေသော၊တဿနဂရဿ၊ထိုသုံးဆယ်မြို့၏။အန္တောဂဓေ၊
အတွင်းဖြစ်သော။ သပြေကုန်းဇာတိဇမ္ဗုမူလကေ၊ ငင်သပြေသည်၊
တည်နေရှေးက၊ပဝတ္တကြောင့် ၊နာမခေါ် သုံး၊“သပြေကုန်း”ဟူ၍။
ပါကဋေ၊ ထင်ရှားသော။ ပဥ္စဝါဏိဇ္ဇဒေါသေ၊ ငါးပါးသော ကုန်

သွယ်ခြင်း၏ အပြစ်တို့ကို၊ ငွေ့တွာ၊ကြည့်ပယ်၍။ သမ္မာဝါဏိဇ္ဇ
ကာသိပါ၊ကောင်းသောကုန်သွယ်ခြင်းလယ်လုပ်ခြင်းတို့ဖြင့်။အာဇီ
ဝကာနံ၊အသက်ဝမ်းရေး၊ မွေးမြူ၊ကြကုန်သော။ ကုလပုတ္တာနံ၊အ
မျိုးကောင်းသား သမီးတို့၏။ နိဝါသဘူတာ၊ မျော်မှော့နေထိုင်ရာ
ဖြစ်၍ဖြစ်သော။ ဌာနေ၊အရပ်၌။ဓာတိယာ၊ကလလကာ၊ စ၍တွက်
ရေ၊ပဋိသန္ဓေမှ။ပဝတ္တိတော၊မာတာဒိခင်၊ဘွားသန့်စင်သော။ဘဒ္ဒ
န္တသာကေတာတိ ၊“ဘဒ္ဒန္တသာကေတ”ဟူ၍။ ဂရုပါ၊ကျော်
ထီးတန္တ၊အလေးပြုအပ်ကုန်သော ဆရာတို့သည်။ဒိန္နာဘိဓါနပါ
ကတေန၊ပေးတော်မူအပ်သောအမည်ဖြင့် ထင်ရှားသော။အနုထေ
ရေန၊ အနုထေရ်ဖြစ်သော။ ဝါ၊ရဟန်းဖြစ်၍ရှစ်ဝါသာရသေးသ
ဖြင့်အနုထေရ်ဖြစ်သော။မယာ၊ ငါသည်။မိတ္တာမိတ္တလက္ခဏာသာ၊
မိတ္တအခ၊ မိတ္တ-၄-မျိုး၊၏သူမိတ္တဟုသိကြောင်းနိမိတ်၊ အစိတ်အ
ဂ်ါ၊လက္ခဏာ။ အမိတ္တအခ၊ အမိတ္တ-၄-မျိုး၊၏သူ အမိတ္တဟုသိ
ကြောင်းနိမိတ်၊ အစိတ်အဂ်ါ၊ လက္ခဏာ၏။ဝါ၊လက္ခဏာကို။ဝိ
ဘာနနုတ္တိကာနံ၊ပါဠိတော်-အဋ္ဌကထာ၊ကျမ်းဂန်လာတိုင်း၊ပိုင်းပိုင်း
ခြားခြား၊ တိတိထင်ထင်၊ သိမြင်လိုကုန်သော။ သာဓုဇနာနံ၊ သူ
တော်စမ္မ၊ သဘာဝကို၊ ဌာနမြော်ညောင်း၊ သူတော်ကောင်း ဖြစ်
ကုန်သောသူတို့၏။ အဇ္ဈာသ ၊ယခုဒိဋ္ဌနှင့်၊ဘမလွန်နေခင်ဘာဝအ
ကျိုး၌။သဒ္ဓါစိတ္တေန၊ ရှင်ကြည်ယိုဘိတ်၊သဒ္ဓါစိတ်သည်။ဥဿာ
ဟိတော၊ တိုက်တွန်း နှိုးဆော်အပ်သည်ဖြစ်၍။ ဝါ၊နှိုးဆော်အပ်
သည်၏အဖြစ်ကြောင့်။ ဝါ၊နှိုးဆော်အပ်သော။ မယာ၊ ငါသည်။
မိတ္တာမိတ္တ လက္ခဏာဝိဘာဝနီနာမ၊ အမည်ရှိသော။ အယံဂန္ထော၊
ဤကျမ်းကို။ကတော၊ရေးသားစီစဉ်၊ပြုပြင်အပ်ပြီ။ကတံ၊ရေးသား
စီစဉ်၊ပြုပြင် အပ်သော။ တံဂန္ထံ၊ထိုကျမ်းသည်။ ဇိနစက္ကော၊မြတ်
စွာဘုရား၊ ထားတော် မူရာ၊သာသနာသည်။ ဓမ္မဝရေ၊ ၂၄၅၉-
နှစ်သို့။ သဋ္ဌွေ၊ ရောက်လတ်သော်။ သက္ကရာဇ္ဇေပန၊ လူတို့ဝေါ
ဟာ၊ဂေါဇာသက္ကရာဇ်သည်ကား။ သတ္တသတ္တတျာဓိကော၊၇၇-
နှစ်အလွန်ရှိသော။ ဒွိသတေကာသဟာသေ၊ ၁၂၀၀- သို့။ ဝါ၊

၁၂၇၇ -ခုနှစ်သို့။ ပွတ္တော်ရောက်လတ်သော်။ဟေမန္တမိုး၊ဆီးနှင်း မြူခ၊ ဟေမန္တဟု ခေါင်းဥတုနှ၏။ မာဃ မာသဿ၊တပို့တွဲလ၏။ ဇုဏှပက္ခပဉ္စမိယံ၊လဆန်းပက္ခ ၅ ရက်မြောက်သော။ဘောမဝါ ရေ၊အင်္ဂါနေ့၌။ အနုသယာသနေ၊ ငြိမ့်ငြင်ပင်ပန်း၊ ဘေးဘျမ်းမရှိ၊မ ကပ်ငြိသဖြင့်။ သုခ၊ ပကတိကျန်းမာချမ်းသာစွာ။နိဋ္ဌ၊ ပြီးဆုံးခြင်း သို့။ပတ္တ၊ ရောက်ပြီ။ဣတိ၊ဤကားနိဂုံးတည်း။

(ဆုတောင်း။)

အဟံ၊ငါသည်။ဇာမိနာပုညကမ္မေန၊ဤသို့ဒွတ္တာဒိတ္တလက္ခဏာဝိ ဘာဝနီ အမည်ရှိသော ကျမ်းကို အားထုတ်ရေးရင် ပြုပြင်ရသော ကောင်းမှုကြောင့်။ဘဝေ ဘဝေ သုခ၊ ဘဝငယ်ဘဝကြီးတို့၌။သံသရံ- သံသရနေ့ခါ၊ ကျင်လည်ကျောပါး၊ ပြောသွားရသည့် ရှိသော်။ ပတ္တ ဌာနေ၊ရောက်ရာဌာန၊ ထိုဘဝ၌။ဒသမိတ္တံ၊ ဒသဆွေမဟုတ်၊ သင်္ဂရုပ် သဍ္ဍုဿန်၊ပုံဟန်တုပ၊အဆွေယောင်ဆောင်သော လူ့ဗာလကို။ကုဒါ စန်၊တရံတဆစ်မျှ၊နလေဝေယျုံ၊ ပေါင်းဖေါ် ယှဉ်တွဲ၊မမှီဲရလို။ ပဏ္ဍိတံ၊ရွှေနေ့မြေဒ်မြင်၊ ပညာရှင်ဖြစ်သော။မိတ္တံ-မိတ္တံ ဝ၊ အင်လ က္ခဏာ၊ ရုံလင်စွာကြောင့် ပေါင်းရာပေါင်းအပ်၊ မိတ်ဆွေစစ်မိတ် ဆွေမြတ်ကိုသာလျှင်။သေဝေယျုံ၊နေ့ညဉ့်ပတ်လုံး၊ဇိဝိန် ဆုံးသည့် တိုင်အောင်၊နှလုံးအလျော်၊ပေါင်းဖေါ် ယှဉ်တွဲ၊မှီဲရလို၏။

ဆုတောင်းပြီး၏။

ဒွတ္တာဒိတ္တလက္ခဏာဝိဘာဝနီကျမ်း၌၊

အလုံးစုံပြီးပြီ။

ဦးသာကေတ။

ထူပါရုံကျောင်း။

သုံးဆယ်မြို့။

လွယ်လင့်တကူ၊ဆောင်ယူကျက်မှတ်၍။အထပ်ထပ်ရွတ်ဘာသည်
သရဇ္ဈာယ်ကြွရန်ထည့်သွင်းပေါ် ပြအပ်သော။

## ကာယဝိစ္ဆန္ဒနိယသုတ်ပါဠိ-နိဿယ။

နမောတဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

သိရိမံ ဂဏိကံဒိသွာ၊ ဒမေတုံရတ္တစေတသံ။ ဒဿေတွာမတ သရီရံ၊တဿာဇိနော ဗုဒ္ဓံပြဝိ။ ၁။ စရံဝါယဒိဝါတိဋ္ဌံ၊နိသိန္နော ဥဒဝါသယံ။သမိဉ္ဇေတိပသာရေတိ၊ ဧသာကာယဿဣဉ္ဇနာ။ ၂။ အဋ္ဌိနှာရုသံယုတ္တော၊ တစမံသာဝလေပနော။ ဆဝိယာ ကာယောပဋိစ္ဆန္နော။ယထာဘူတံနပဿတိ။၃ ။အန္တပူရောဒရပူရော၊ ယကနပေဠဿဝတ္ထိနော။ ဟဒယဿ ပပ္ဖါသဿ၊ ဝက္ကဿပိဟကဿစ။ ၄။ သိင်္ဃာဏိကာယ ခေဠဿ၊ သေဒဿစမေဒဿစ။ လောဟိတဿလသိကာယ၊ ပိတ္တဿစဝသာယစ။ ၅ ။အထဿ နဝဟိသောတေဟိ၊ အသုစိသဝတိ သဗ္ဗဒါ။ အက္ခိမှာ အက္ခိဂူထကော၊ကဏ္ဏမှာကဏ္ဏဂူထကော။၆။သိင်္ဃာဏိကာစနာသတော၊မုခေတော ဝမတိဧကဒါ။ ပိတ္တံသေမှဉ္စဝမတိ၊ ကာယမှာ သေဒဇလ္လိကာ။ ၇ ။အထဿသုသိရံသီသံ၊ မတ္ထလုင်္ဂဿပူရိတံ။ သုဘတောနံမညတိဗာလော၊အဝိဇ္ဇာယပုရက္ခတော။ ၈ ။ယဒါစသော မတောသေတိ၊ဥဒ္ဓုမာတောဝိနီလကော။အပဝိဒ္ဓေါသုသာနသ္မိံ၊အနပေက္ခာဟောန္တိဉာတယော။၉ ။ခါဒန္တိနံသုဝါနာစ၊ သိင်္ဂါလကာ စကိမိယော။ ကာကာဂိဇ္ဈာစခါဒန္တိ၊ ယေစညေသန္တိ ပါဏိနော။ ၁၀။သုတွာနဗုဒ္ဓဝစနံ၊ ဘိက္ခုပညာဏဝါဣဓ။ သောခေါနံပရိဇာနာတိ၊ယထာဘူတဉ္ဟိပဿတိ။၁၁။ယထာဣဒံတထာဧတံ၊ယထာ ဧတံ။တထာဣဒံ။အဇ္ဈတ္တဉ္စဗဟိဒ္ဓါစ၊ကာယေဆန္ဒံဝိရာဇယေ။၁၂။ ဆန္ဒရာဂဝိရတ္တောသော၊ ဘိက္ခုပညာဏဝါဣဓ။ အဇ္ဈဂါအမတံ သန္တိံ၊နိဗ္ဗာနံပဒမစ္စုတံ။ ၁၃ ။ဒွိပါဒကောယံအသုစိ၊ဒုဂ္ဂန္ဓောပရိဟာ

ရတိ။ နာနာကုဏပပဋိပူရော၊ ဝိသာဝန္တော တတော တတော ။၁၄။ ဧတာဒိသေန ကာယေန၊ ယော မညေ ဥဏ္ဏမေတဝေ၊ ပရံ ဝါ အဝဇာ နေယျ ကိမညတြ အဒဿနာတိ။ ၁၅။ ကာယဝိစ္ဆိန္ဒနိယသုတ်ပါဠိ တော်။

သိဒ္ဓိရံ၊ သိဒ္ဓိမာဟု၊ သညာဘွဲ့သ၊ အမည်ရသော။ ဂဏိကာ၊ ဇီဝ ကဟု၊ နာမကြော်ညာ၊ ဆေးဆရာ့မ၊ ပြည်တန်းဆာမကို။ ဒိဋ္ဌာ၊ ကြိုက်ကြိုဒိဋ္ဌ၊ တွေ့မြင်ရ၍။ ရဋ္ဌစေတသံ၊ ခင်မင်မက်မော၊ အထင် အောင့်၊ သဘောဥာဏ်မှောက်၊ ရဟန်းတယောကို။ တဿာ၊ သို ပြည်ကြီးတန်းဆာ၊ သိဒ္ဓိမာ၏။ မတသာရိရံ၊ ဖူးဖူးပုပ်ယောင်၊ သေ သောအကောင်ကို၊ ဒဿေတွာ၊ လက်တော်ညွှန်သ၊ ထင်စွာပြ၍။ ဒ မေတုံ၊ ရာဂပျောက်ကင်း၊ ဆုံးမတော်မူခြင်းငှာ။ ဖိနေ၊ ငါးမာရ် ပယ်ရှား၊ ရှင်တော်ဘုရားသည်၊ ဇာဒံသုတ္တံ၊ ကာယဝိစ္ဆိန္ဒနိယ၊ နာမ ထင်ပေါ်၊ ဤသုတ်တော်ကို၊ အဖြေဝိ၊ သံတော်ချိုမြိန့်၊ ဟောမိန့်တော် မူပြီ။ ၁။ စရံ ဝါ ယန္တရားသွာ်ရုပ်၊ စက်ကြိုးလှုပ်သို့၊ လွှင့်မှုတ်လေ ခတ်၊ အရှိန်ဟပ်၍၊ ကလာပ်ရွေ့ရှား၊ ရုပ်တပါးသို့၊ သွားမှုလည်း သွားခဲ့ရာ၏၊ ယဒိ၊ ဇာရိယာပုထ်လဲ၊ နည်းတနည်းကား။ တိဋ္ဌံ ဝါ၊ ထောက် တည်မတ်မတ်၊ ကိုယ်ရှိန်သတ်၍၊ ရပ်မှုလည်းရပ်ခဲ့ရာ၏။ နိသိန္နော ဝါ၊ ကိုယ်ကိုကွေးကောက်၊ ချိုးပြန်ခေါက်၍၊ ရှေ့နောက်ယိမ်းယိုင်၊ ထိုင်မှုလည်းထိုင်ခဲ့ရာ၏။ ဥဒ၊ ယာပထပြောင်းလဲ၊ နည်းတနည်းကား။ သယံ ဝါ၊ ကိုယ်ကိုညှဉ့်စောင်း၊ ေ ာပြောင်း၍၊ လျောင်းမှုလည်း လျောင်းခဲ့ရာ၏။ သမိဉ္ဇေတိ ဝါ၊ စောင်းကာဒိုက်ထွေး၊ ညောင်းညာ ရေးဖြင့်၊ ကွေးမှုလည်းကွေးခဲ့ရာ၏။ ပသာရေတိ ဝါ၊ တန်းကာကြွ ကြွယမ်းကာဖြန့်၍၊ ဆန့်မှုလည်းဆန့်ခဲ့ရာ၏။ ဧသော၊ ဤသို့အစ၊ လှုပ် ရှားကြသည်၊ များလှဖြာဖြာ၊ အမူအရာဟူသမျှသည်။ ကာယဿ၊ မိန်းမယောက်ျား၊ မထင်ရှားရ၊ ရုပ်ကာယ၏။ ဣဉ္ဇနာ၊ ဝါယောဓါတ် ရုပ်စိတ်ကြောင့်မှုတ်သည်၊ တုန့်လှုပ်ခြင်းမျှသာတည်း။ ၂။ အဋ္ဌိနှာရုဟိ၊ ကွန်ရက်ပမာ၊ မြွေးယှက်ဖြာသည့်၊ ကိုးရာသောကြောသေးကြော မတို့ဖြင့်။ သံယုတ္တော၊ ဝန်းကျင်လွှမ်းပတ်၊ မကွဲပြတ်အောင်၊ တွဲစပ်

ကုံးသီ၊ ရစ်ဘွဲ့ချည်အပ်သော။ တစမံသာဝလေပနော၊ ရေထူရေ
ပါး၊သွေးအသားတို့ဖြင့်၊လွှမ်းထားမွမ်းမံ၊လိမ်းသုတ်ကျံအပ်သော။
အင္ဂ၊ထင်းခြောက်သစ်သား၊အုတ်မြက်ဝါးနှင့်၊မခြားလုံးစုံ၊အရိုးပုံ
သည်။ကာယော၊ လောကီလူများ၊ ပညတ်အာ၊ဖြင့်၊မှတ်သားခဲ့ဆို၊
ခန္ဓာကိုယ်မည်၏။တံကါယ ၊တပ်မက်စရာ၊ ဆံမြွေလှာမှ၊ပေ့ရှာမရ
ထိုကာယကို။ ဆဝိယာ၊ ခြေပါခေါင်းဆုံး၊ ခွာ၍လုံးမှ၊ ယုတ်ကုံးမ
ကြွင်း၊ဖီးလုံးကင်းမှ၊ပမာဏထား၊အရေပါးဖြင့်။ပဋိစ္ဆန္နော၊ထက်
အောက်ကိုယ်လုံး၊ ရစ်ကာဖုံးအပ်သည်ဖြစ်၍။ ယထာဘူတံ၊ အ
ပေါင်းပုတိ၊ကောင်းမဂ္ဂိဟု၊ အသိဉာဏ်ပိုင်း၊ ဟုတ်မှန်တိုင်းကို။နပ
ဿတိ၊ နှိုက်နဲတွင်းပြင်၊ မသိမြင်နိုင်။ ၃ ။ကာယေ၊တွယ်တာ
ကျိတ်ခဲချိအုံ့အဲ၍၊တပ်စွဲတတ်ကြ၊ကိုယ်ကာယသည်။အန္တပူရော၊
အတွင်းရှုပ်သိမ်၊ပုပ်မျိုးစိမ်သည့်၊အူသိမ်အူမတို့ဖြင့်ပြည့်၏။ဥဒရ
ပူရော၊အနံ့မကောင်း၊ ပျံ့ပျံ့လှောင်းသည့်၊ အစာသစ်အစာဟောင်း
တို့ဖြင့်ပြည့်၏။ယကနပေဠဿစ၊ လက်ျာနံဘက်၊ကသစ်ရွက်လို၊
မြွေးယှက်တွဲပြိုင်၊အသဲစိုင်ဖြင့်၎င်း။ ဝတ္ထိနော၊ဆူးပြာရေနှယ်နှံ့
မျိုးကြွယ်သည့်၊ရွံ့ဘွယ်တရ၊ကြင်ငယ်အရဖြင့်၎င်း။ဟဒယဿစ၊
ကြာပဒုံဖူး၊ရင်ညွှန့်ဦးနှိုက်၊သွေးထူးပျော်ပါး၊နှလုံးသားဖြင့်၎င်း။ပ
ပ္ဖါသဿစ၊အသည်းနှလုံး၊ရစ်အုပ်ဖုံးသည့်၊သုံးဆဲ့နှစ်ခု၊အဆုတ်ရ
ဖြင့်၎င်း။ဝက္ကဿစ၊နှလုံးပြွတ်ဆိုင်၊ သရက်ခိုင်လို၊ ညှာပြိုင်ရစ်တွဲ၊
အညိုခဲဖြင့်၎င်း။ ပိဟကဿစ၊ လက်ဲနံဘက်၊ သရက်ရွက်သွင်၊
မည်းနက်သော အပြင်ဖြင့်၎င်း။ ပူရော၊ ညှီနံ့လှည့်ရုံး၊ ကြည့်မဆုံး
အောင်၊တဝမ်းလုံးပြည့်၍နေ၏။၄။သိဃာဏိကာယစ၊ဦးနှောက်မှ
ဆင်း၊ နှာညွှန့်နင်းသည့်၊ရွံ့မင်းဘွယ်မှု၊ နှပ်အရဖြင့်၎င်း။ခေဠဿစ၊
ပါးနှစ်ဘက်မှ၊လျှာသက်တွေ့တွေ့၊တံတွေးရေဖြင့်၎င်း။သေဒဿ
စ၊တကိုယ်လုံးရောက်၊မွေးညှင်းပေါက်မှ၊စီးလျှံခြောင်းခြောင်း၊
ချွေးအပေါင်းဖြင့်၎င်း။မေဒဿစ၊စိုစိုညှိရွှဲ၊အဆီခဲဖြင့်၎င်း။လောဟိ
တဿစ၊ကိုယ်လုံးနှံ့မျှ ချင်းချင်းနီမှု၊ နံညှီပျံ့လှောင်း၊သွေးအပေါင်း
ဖြင့်၎င်း။လသိကာယစ၊ ရိုးဆက်ဆစ်ကြား၊ လှည်းစာလားသို့၊ရပ်

သွားနိုင်ကြောင်း၊အစေးပေါင်းဖြင့်ငင်း။ ပိတ္တံသသစ၊မည်းညိုမသန့်၊
ကိုယ်လုံးနှံ့လျက်၊ ကြုံပြန့်ခိုအောင်း၊ သည်းခြေအပေါင်းဖြင့်ငင်း။ဝ
သာယစ၊ဖခိုးမြေဦး၊ထိပ်နဖူး၌၊ ကွန့်မြူးတွေတွေ၊ဆီကြည်ရေဖြင့်
ငင်း။ပူရော၊ပုပ်သိုးနံ၍၊သုတ်သင်ခဲအောင်၊မစဲမနွေး၊အမြဲပြေ့၏။၅။
အထ၊ထိုမှတသွယ်၊ဆင်ခြင်ဘွယ်ကား။ အသဿကာယသည်၊ဆံပင်
မွေးညှင်း၊မသန့်ရှင်းသည့်၊ပေါင်းသင်းညစ်ကျူ၊ ထိုကိုယ်၏။နဝ
ဟိုင်သါတေဟိ၊နေ့ညဥ့်ထပ်လဲ၊ပုပ်နံ့စွဲ၍၊ သွိုးမြဲသင်းမ၊ကိုးပေါက်
သောဒွါရတို့မှ။အသုစိ၊မစင်မကြည်၊ စက်ကုပ်ဖွယ်ဟူသမျှသည်။
သဗ္ဗဒါ၊ရံခါမပြတ်၊ ကြားမလပ်အောင်။သဝတိ၊တစိတွင်းသို့ဖျင်း
ဖျင်းလျှံကြွ၊စီးယိုကျ၏။ အက္ခိမှာ၊ ဝယခနင်းလျှောက်၊မျက်ကွင်း
ပေါက်မှ။အက္ခိဂူထကော၊ မျက်ဝတ်နှစ်ဖြာ၊ ရွံ့ဘွယ်ပြသည်ငင်း။
ကဏ္ဏမှာ၊ဦးနှောက်ကလျှောက်၊နားနှင်ပေါက်မှ။ ကဏ္ဏဂူထကော၊
နဖာကပ်ခြေး၊ အညစ်အကြေးသည်ငင်း။ နာသတော၊ သင်္ဃာန်
သွယ်ကောက်၊နှာပွန့်ပေါက်မှ။သိင်္ဃာဏိကာစ၊ကင်ငြိတွယ်ခြေး၊
နှပ်အစေးသည်ငင်း။သဝတိ၊နေ့ညဥ့်ခိုကပ်၊ရက်မပြတ်အောင်၊ပုပ်
စပ်ဖောင်းပွ၊ ယိုစီးကျ၏။ကေဒါ၊ ငင်မှာလေရိုက်၊ မူးဝေခိုက်နှင့်၊
တိုက်ဆိုက်ကြုံပြန်၊ခါတရံ၌။မုခတော၊သုသာန်မယွင်း၊နှုတ်ခံတွင်း
မှ။ဝမတိ၊စါသစ်စာကျက် ပျို့အန်ထွက်၏။ကေဒါ၊ဥတုဓာတ်ဖော်၊
အစာမှောက်၍၊ နာရောက်ခဲ့ရာ၊ ရံတခါ၌။ ပိတ္တဉ္စ၊ခါးငန်ညှိထွေး၊
သည်းခြေသွေး သည်ငင်း။ သေမှဉ္စ၊ ငင်မှာပုန်းအိပ်၊ လေသလိပ်
သည်ငင်း။ဝမတိ၊ကုတ်ကပါး၊သတ်မှားအောင်၊ချောက်ချားပူဆာ၊
ပျို့အန်လာ၏။ကာယမှာ၊ခေါင်းခြေလက်ဆုံး၊တကိုယ်လုံးမှ။ သေဒ
ဇလ္လိကာ၊စိဒိုနုံညစ်၊နေမဖြစ်အောင်၊ ထွေးရင်ကပ်စေး၊ချွေးအညစ်
အကြေးသည်။သဝတိ၊စီးစီးလျှံဖြာ၊ယိုစီးလာ၏။ ၆ ။အထ၊ထိုမှတ
သွယ်၊ ရွံရှာဘွယ်ကား။ အသဿကာယသည်၊ပုထုဇ္ဇန်ပေါင်း၊ ဥာဏ်
မြင်စောင်း၍၊အကောင်းထင်ကြ၊ထိုကာယ၏။သီသံ၊ရောဂမှောင်ဖုံး၊
အမြတ်ဆုံးဟု၊ မှတ်သုံးလူပေါင်း၊ ရုပ်ဦးခေါင်းသည်။ သုသိရံ၊ အ
ကောင်းမရှိ၊ပုပ်ပေါင်းထည့်သည့်၊ အခေါင်းအတိသာဖြစ်၏။ မတ္ထ

လုဂ်သာ၊မသန့်မသတိ၊အနံ့မှိသည့်၊ နံညှိစက်ဆုပ်၊ ဦးနှောက်ဥပ
ဖြင့်။ပုရိတံ၊ ဝန်းကျင်ဆူလှည့်၊ အမြဲပြည့်၏။ ဗာလေသ၊သမထဝိပ
သာနာ၊ဘာဝနာဥာဏ်၊တရုံမအောင်း၊ သူ့ခိုက်အပေါင်းသည်။အ
ဝိဇ္ဇာယ၊လွှမ်းရိပ်တိမ်ဘောင်၊မောဟမှောင်သည်။ဥရက္ခဘာ၊သိ
လာယှက်စပ်၊ ရံကာအပ်သည်ဖြစ်၍၊ နံကာယံ၊မကောင်းဝတ္ထု၊အ
ပေါင်းရ၍၊ သမ္မုတိသုပ်၊ ထိုကိုယ်ရုပ်ကို။ သုဘဘော၊ တဏှာရ
မက်၊မခွာရက်အောင်၊ကျောက်မျက်အလား၊သုဘအားဖြင့်။ မည
တိ၊ခင်မင်ဗိဘ်စွဲ၊ကျိတ်အခဲဖြင့်၊အမြဲဘဝေ၊ထင်မှတ်လေ၏။ ၇။ယ
ဒါစ၊ရှေးကပြုကြ၊ကုသလဟု၊ဒါနဆောက်အုံ၊အကြောင်းဟုန်တို့၊
ကုန်ချိန်ရောက်သာ၊ အကြွင်အခါ၌ကား။သောကာယော၊ မရက်မ
စက်၊ချစ်ပုံမက်၍၊ နှစ်သက်ကြည်သို၊ထိုရုပ်ကိုယ်သည်။ မဘော၊
ငါးတန်းဇောဆိုက်၊ပန်းမောဟိုက်သျှက်၊ရှုရှိုက်သွင်းနှောက်၊သေ
ခြင်းသို့ရောက် သည်ဖြစ်၍။ သောဘိ၊မလှုပ်မရှား၊ အုတ်ကျော်လား
သို့၊ပျက်ပြားနွမ်းခွေ၊ အိပ်ရလေ၏။ဘဒါ၊ ထိုရုပ်နံပုပ်ပြိုန်း၊ ဌက်
ပျောတုံးသို့၊တုံးလုံးလျောင်းကာ၊ အိပ်ရသောအခါ၌။သုသာနသို့၊
စေးချ ရစ်ဆိုး၊ လူမနိုးသည့်၊ဘောကြီးမြိုင်ခြေ၊သုသာန်မြေ၌။ဥဒ္ဓု
မာ ဘော၊ပိယာချစ်ပ၊ သားမြေးပုတို့၊ မရှုံ့အောင်၊ ဘူးဘူးယောင်
သည်ဖြစ်၍။ဝိနီလကော၊ရှေးကပုံလွဲ၊နံကျုကျုနှင့်၊ညိုမဲသေါအဆင်း
ရှိသည်ဖြစ်၍။ ဥဘယော၊သားနှင့်သွေး၊ ပွေးသံနှီးသည့်၊သွေးကြီး
ပေါက်ဖော်၊စပ်ဘော်သမျှ၊မိဘတိုးရင်း၊မိတ်သင်းပင်းတို့သည်။အ
ဂဝိဋ္ဌေါ၊ညီညာပိုင်းမ၊ စွန့်ပစ်ကြသည်ဖြစ်၍။ အနပေက္ခာ၊မငဲ့သမျှ၊
စိတ်လျှစ်လျူဖြင့်၊မရှုမစား၊ပစ်ခွာသွားကြကုန်သည်။ဟောဇ္ဇိ၊ဖြစ်
ကုန်၏။ ဂ။နံကာယံ၊တောစွန်ချုံစ၊သုသာန်ဝဋ်၊စွန့်ချပုပ်ပဟောင်၊ထို
ကိုယ်ကောင်ကို။သုဝါနာစ၊မြို့ရွာရပ်မွေး၊အိမ်နေခွေးတို့သည်၎င်း။
သိဂ်ါလကာစ၊ ကမ်းစွန်ချုံအောက်၊ ဘွားပေါက်ပျော်မွေး၊တော
နေခွေးတို့သည်၎င်း။ ကိမိယောစ၊ မွမွနှုပ်နှုပ်၊ ကျိကျိလှုပ်အောင်၊
တိုးဇုပ်ဝင်သျှိုး၊ ပိုးလောက်မျိုးတို့သည်၎င်း။ ခါဒန္တိ၊ကိုက်ဖောက်
ဆိတ်ဆွ၊စားသောက်ကြကုန်၏။ကာကာစ၊ တောနေရွာမှီး၊သိန်း

စွန့်ကျဲတို့သည်ငှင်း။ ဂိဇ္ဈာ၁စ၊ တောရေတောင်အောင်း၊ လင်းတအံ
ပေါင်းတို့သည်ငှင်း။ ဒ။ေညော၊ထိုမှတပါး၊ အမည်အ၁ ဖြင့်၊များပြား
စွာကုန်သောယေဗပါဏကာ၊အကြင်တောခြေတောင်ကြား၊ချန်ပုံ
လွှားရှဲ ပြေးသွား ပျော်အောင်း၊ ပိုးမွှားအပေါင်းတို့သည်ငှင်း။ သ
န္တာ၊အလိုက်ဘာ၁ဝ၊ရှိနေကြကုန်၏။တေပိပါဏကာ၊သိုသို့များပြား၊
ဒေသအာ ဖြင့်၊တောကြားတောင်အောင်း၊ပိုးမွှားအပေါင်းတို့သည်
လည်း။ခါဒန္တိ၊အစုတ်ကြွက်ညံဆူ၊ တော ပုံးအရှုမှု၊ လုယူဆိတ်ဆွ၊
စားသောက်ကြလေကုန်၏။ဧ။ရာ ဓ၊ဂေါတမဘုရား၊ထင်ရှားပွင့်ခါ၊
ဤသာ သနာတော်၌။ဘိက္ခု၊ ဧ၁တိအစ၊ဘေးဘယကို၊တွေးဆစေ့
ငှ၊ ဘန်ဘန်ရှုတတ်သောသူသည်။ ဗုဒ္ဓဝစန်၊ ရှင်တော်ဘုရား၊မိန့်
ဘော်ကြား၍၊ဟော၊ထားနှုတ် မြွက်၊ဓမ္မစကော်တော်ကို။သုတွာန၊ထိပ်
မှာပန်ရွက်၊တံဆိပ်နှုက်သို့၊အချက်ကျကျ၊ကြားနာရသည်ဖြစ်သော်။
သောခေါ ဘိက္ခု၊ ဘေးဘယ ကို၊နေ့ညခုရ၊ ဘန်ဘန်ရှုသောသိုသူ
သည်။နံကာယံ၊သိုထိုဖြစ်ပေါင်း၊ဝင်ခိုအောင်း၍၊မကောင်းငင်စစ်၊
ရုပ်ကိုယ်ညစ်ကို။ပရိဇာနာတိ၊ ပညာခွန်အား၊ စွမ်းပကားဖြင့်၊ပိုင်း
ခြားပိုင်ပိုင်၊သိစွမ်းနိုင်၏။ ယထာဘူတံ၊ တင်းပြင်နှိုက်ရှော၊ ထိုက်
သဘောကို၊ လိုက်ရောညီနှင်း၊ ဟုတ်မှန်တိုင်းသာလျှင်။ပဿတိ၊
ဆတ်ဆတ်ထင်ထင်၊တပ်တပ်မြင်၏။ာ၁။ရာဒံယထာ၊အာသက်ဇိဝ၊
ဝံညီမှု၍၊နေရသလို၊ဤငါ့ကိုယ်ကဲ့သို့။ တထာ၊ထိုတူအလားပုံမ
ခြားသာလျှင်။ဧတံ၊သေကျိုးငှက်ဗိုလ်ပုံ၊သေါသေါအုံ၍၊ကိုက်ငုံသုံး
ဆွ၊တောချုံစ၌၊ စွန့်ရပုပ်ပုပ်ဟောင်၊ သူသေကောင်သည်၊ဟောတိ၊
ငါလိုပုံယူ၊မခြားမူ၍၊အလားတူဖြစ်ပါချေ၏တကား။ဧတံယထာ၊
အသက်ကင်းကွေ၊ထိုလူသေသည်၊ဂုဏ်သရေကင်း၊သုသာန်တွင်း
၌၊စင်းစင်းပေဒင်ပွ၊ပုပ်ဟောင်ရသကဲ့သို့။ တထာ၊မခြားအမူ၊ အ
လားတူသာလျှင်။အဟံ၊အာသက်နံ့ရုပ်၊မငြိမ်ချုပ်၍၊ ထိန်းအုပ်တည်း
ခို၊ဤငါ့ကိုယ်သည်။ဟောတိ၊သူလိုမလွဲ၊သုသာန်ထဲ၌၊အမြဲမသွေ၊
ဖြစ်ရချေမည်တကား။ ဣတိ၊ဤသို့ဖန်ဖန်၊ ချင့်တွေးကြံလျက်၊ပေါ်
မြန်မသွေ၊ ထိုလူသေနှင့်၊ နှစ်ထွေမပြု၊ ထပ်တူရှု၍။အဇ္ဈတ္တဉ္စကာ

ယော၊ဇီဝိန်သက်ရှိ၊မပျက်ဘိသည့်၊ရုပ်၏ဘည်းခို၊ဒိဋ္ဌိကိုယ်၌ရင်း။ ဗ
ဟိဒ္ဓါစကာယော၊သက်ရှိသက်မဲ့၊ ဥာဏ်ယူချဲ၍ ကြွင်းမဲ့ထိုထို၊ တ
ပါးသောကိုယ်၌ရင်း။ ဆန္ဒ၊တွယ်တာရုံမက်၊ မခွါရက်အောင်၊ နှစ်
သက်ဘတ်ဝွာ၊ ရာဂတဏှာကို။ ဝိရာဇယော၊ ဘာဝနာဥာဏ်စက်၊
ဝိန်သန်လျက်ဖြင့်၊ချတ်ဖျက်ပယ်ခွါ၊ ကင်းစေရာ၏။ ၁ ၁။ ဥရဓ၊ဗုဒ္ဓပြါ
ဒ၊ဒုလ္လဘကို၊ကြုံရခိုက်ခါ၊ ဤဘုရားရှင်သာသနာတော်၌။ ဆန္ဒရာဂ
ဝိရဇ္ဇော၊ ရာဂဆိပ်ပြင်း၊တပ်ခြင်းကင်းသော။သောဘိက္ခု၊ထိုဒုက္ခ
ဘေးပေါင်း၊ ငြိမ်းအေးကြောင်းကို၊ နည်းကောင်းကြံယူ၊ရှုသောသူ
သည်။ အမတံ၊ပေါက်ပြန့်ထွေးငြိ၊ သေဘေးမရှိသော။သန္တံ၊ အပူ
ကင်းပ၊ငြိမ်းအေးလှသော။နိဗ္ဗာနံ၊ဝါနကျော်သန်း၊တဏှာခန်းသေါ။
အဋ္ဌတံ၊ရွေ့လျှောမသည့်၊ အမြဲတည်သော။ ဒံ၊ တဘက်ကျွန်းငှာ
သောင်နိဗ္ဗူသို့။အစ္စုဂါ၊ရေးမကော၊အနီးပေါက်၍၊ပြီးမြောက်ငြိမ်း
ကြွ ရောက်ရလေ၏။ ၁၂။ ဒွိပါဒကော၊ ထိုဤလူလာ၊ လူ့ဖြင်းရာ
ဖြင့်၊သွားလာထိုင်လျောင်း၊ အခြေနှစ်ချောင်းသာရှိသော။အယံကာ
ယော၊ရွရွလှုပ်လှုပ်၊မျက်သည့်ရုပ်သို့၊ ဘုတ်ပင်ဆောင်၊ ဤကိုယ်
ကောင်သည်။အသုစိ၊နံညှီထောင်းထောင်း၊ညှင်မျိုးပေါင်းတို့ဖြင့်၊မ
ကောင်းမဘွယ်၊မစင်ကြွယ်သည်ဖြစ်ပါလျက်။ဒုဂ္ဂန္ဓော၊ထက်အောံ
ပျံ့သောင်း၊ တွင်းပြင်ပေါင်း၍၊ မကောင်းသော အနံ့ရှိသည်ဖြစ်ပါ
လျက်။နာနာကုဏပပရိပူရော၊ဝန်းကျင်ယှက်ကူး၊ အောက်ထက်
မြူးလျက်၊ အထူးထူးသော အပုပ်အသိုးတို့ဖြင့် ပြည့်သည်ဖြစ်ပါ
လျက်။ပရိဟာရတိ၊တင့်တယ်ရုပ၊ ပုံဟန်ပြ၍၊သုဘယောင်ယောင်၊
ဟန်ပန်ဆောင်၏။ ပနတထာပိ၊ နာနာရုပ်ကောင်၊ဟုတ်လေယောင်
နှင့်၊လုပ်ဆောင်ကျင်းပ၊ ထိုသို့ပင်ပြသော်လည်း။တတောတတော။
ထိုထိုဟင်းလင်း၊ ထက်အောက်ဘင်းသည့်၊ အတွင်းအပ၊ကိုးဒွါရ
မှ။ဝိဿဝန္တော၊မျက်ဝတ်နဖာ၊ကြွင်နှင်ဖြာနှင့်၊မြင်ရာမကောင်း၊အ
စာဟောင်းတို့၊ဘောင်းဘောင်းပွက်ပွက်၊ယိုစီးထွက်၏။ ၁၃။ သေါ
နရော၊ အကြွင်ပုပုရွရွ၊ သက်ဇီဝနှင့်၊ နေကြပျော်အောင်း၊ လူအ
ပေါင်းသည်။ တောဒိသေနကာယေန၊ ဤသို့ညစ်ပေါင်း၊ အပြည့်

လောင်းသည်၊မကောင်းသောကိုယ်ရှိသည် ဖြစ်ကြပါလျက်။ငဆူ
မောဘ၀၊ ငါသာ ထူး၍၊ အုံကြွယ်၍၊ မြူကြွ တက်ကြွား၊ မာန်
ထောင်လွှားခြင်း၄။ မညှော်မရှု မနက်၊အညွှန့်ထွက်၍၊ ကွန့်တက်
ဝိဘင်နေ၊ ထင်ရှတ်ပေ၏။ ပဉ္စဝါ၊အသုဘချင်၊ရုပ်မကင်းကြ၊ ကိုယ်
ချင်းမခြား၊ သူတပါ ကိုမှုလည်း၊ အဝဒေနေယှဉ်ငယ်နာချူးပဲ့၊ အ
ဆို ချဲ့၍၊ ကျိုးမဲ့ လေအောင်၊ အပြင်ဆောင်၏။ တသာ၊ ထိုသို့မာန်
ကြွားသူဘပါးကိုလေးစားမှု၊ပြုရက်သောသူအား။အဒဿနာ၊
သူငါမခြား၊ ရုပ်ဘရေးတို့၊ ပျက်ပြားလိမ့်မည်၊ မြဲမတည်ဟု၊ ကြံ
စည်ပေါက်ထွင်၊မသိမမြင်ခြင်းကို။အညတြ၊ မယှုချန်ထား၊ကွင်း
ရှောင်ရှား၍၊ အညံ့ကာရဏ်၊ မာန်မူဝိတ်မြောက်၊အကျင့်ပေါက်
ဘို့၊ ကြွားမောက်နိုင်အား၊ အကြောင်းတပါးသည်။ကိ အဋ္ဌ၊ အ
ဘယ်မှာရှိတော့အံ့နည်း။ရတိ၊ဤသည်လျှင်ကာယဝိညတ္တိ ဒုတိယသတ်
မြွတ်၊အပြီးသတ်တည်း။ ၁၄။

ကာယဝိညတ္တိ ဒုတိယသတ်ပိုင်းအနက်ပြီး၏။

| ဓမ္မဒါန-ကုသိုလ်ပါဝင်ကြရန်သောသူတို့၏စာရင်း | | | ကျပ် |
|---|---|---|---|
| ဟသ်ာတမြို့။ | ဖုယ်းကောင်း ကျောင်းတိုက်။ | ဘုန်းတော်ကြီး။ | ၂၅ |
| သုံးဆယ်မြို့။ | လက်ပံတုန်း ကျောင်း။ | ဘုန်းတော်ကြီး။ .... | ၂၅ |
| ၎င်း။ | ထူပါရုံကျောင်း တိုက်။ | ဦးသုန္ဒရ၊ .... | ၂၅ |
| .... | .... | ဦးဥတ္တမ။ .... | ၂၅ |
| .... | ... | ဦးဝိစာရ၊ .... | ၂၅ |
| . | .... | ဦးကလျာဏ။ .... | ၂၅ |
| .... | .... | ဦးဥာဏေန္ဒ။ .... | ၅၀ |
| .... | .... | ဦးဝေဇရ၊ .... | ၂၅ |
| .... | .... | ရှင်မြတ်ဘွဲ့။ .... | ၂၅ |
| .... | သိဿရှင်။ | မယ်သာရီ။ .... | ၂၅ |
| ... | ၎င်း။ | မယ်ဇာနန္ဒာရီ။ .... | ၁၀ |
| .... | .... | မယ်ဥတ္တရာ။ .... | ၅ |
| .... | .... | မယ်ဧသီ။ .... | ၅ |
| .... | .... | မယ်စောဒီ။ .... | ၅ |
| .... | .... | မယ်ဝမ္မစာရီ .... | ၅ |
| လက်ပံဘန်းမြို့။ | ကုန်သည်၊ | ဦးစံညွှန်း၊သို့း မရွှေခ။ | ၅ |
| ကြည့်မြင်တိုင်မြို့။ | ပွဲစားကြီး | ကိုဘိုးပျို့ မမဲမှုဘ်။ | ၂၅ |
| ၎င်း။ | ၎င်း | ကိုဟာနန်-မငွေသားကျင်သား၊ ညီးသစ၊ | ၂၅ |
| .... | .... | ကိုငုဗိန်-မကျင်ဗွဲ့နှံသား ညီးတရ | ၂၅ |
| သုံးဆယ်မြို့။ | ဈေးရပ်။ | မငွေးမြိုင်။ .... | ၂၅ |
| .... | .... | ကျောင်းအမကြီး- ဒေါ်အုံ | ၅၀ |
| .... | .... | ဘုရားအမကြီး-ဒေါ် အိမ်၊ | ၅၀ |
| ... | .... | | |

ဝမ္ဗဒါန - ကုသိုလ်ပါဝင်ကြကုန်သောသူတို့၏စာရင်း၊

| သုံ၊ဆယ်မြို့၊ | ရွာ၊ရပ် | ကုန်သည်ကိုချင်ရာ၊ | [illegible] |
|---|---|---|---|
| | | မဆွေမြ၊ သားဘိုးဘရ။ | ၂၅ |
| .... | .... | ကိုစံအိမ်၊ မမြလေး၊ သားဘိုးတရ၊ | ၂၅ |
| .... | .... | မောင်ခင်၊ မကျော၊ သားမောင်ဟံရှင်၊ | ၂၅ |
| .... | .... | မကြွင်၊ မအိမ်၊ သားမောင်လူတုပ်၊ | ၂၅ |
| .... | .... | မြို့သူကြီး။ မောင်ဘသန်း၊ မရိုင်။ | ၂၀ |
| .... | ရိုးကြီးတန်း။ | ဆန်ကုန်သည်၊ အညီးရှင် ဒေါ်အသိ၊ | ၁၅ |
| ၎င်း။ | ဘုရားကြီးတန်း။ | ကုန်သည်-ဒေါ်သိုင်း၊ | ၅ |
| .... | ၎င်း။ | ၎င်း။ ဒေါ်ညွန့်၊ | ၅ |
| .... | .... | .... ဒေါ်ချိုသီး။ | ၅ |
| .... | .... | .... မသိုင်းချို၊ | ၅ |
| .... | .... | .... ဦးသက်ရှည်။ | ၅ |
| .... | ဆေးရုံတန်း။ | .... မောင်ပန်းလှ၊ | ၅ |
| .... | ဘုရားကြီးတန်း။ | အခွန်တော် မြေတိုင်း စာရေး-မောင်ဘ၊ မဖွားသင်၊ | ၂၅ |
| .... | ဝဲရွေးတန်း။ | ကုန်သည်-မဖွားဥ၊ မလေးကာလေး။ | ၂၅ |
| ၎င်း။ | ၎င်း။ | ၎င်း။ မမှုံ။ | ၁၅ |
| .... | .... | .... ဒေါ်သော့။ | ၁၀ |
| .... | .... | .... မယ်သင်၊ | ၅ |
| .... | .... | .... မတင့်၊ | ၅ |
| .... | .... | .... မသန်း မရုတ်၊ | ၅ |

## ဝမ္ဘဒါန-ကုသိုလ်ပါဝင်ကြကုန်သောသူတို့၏စာရင်း

| | | | ကျပ် |
|---|---|---|---|
| သုံးဆယ်မြို့။ | စံရွေးတန်း။ | ကုန်သည်။မောင်ဘတင် မကျူး | ၅ |
| .... | .... | ...ဒေါ်ငွေ-မရွှေညွန့် | ၁၅ |
| .... | မကျည်းကုန်းရပ်။ | .... မောင်စံရှိန်၊ | ၂၅ |
| .... | .... | .... မမယ်တင် | |
| .... | .... | ....မောင်စာ-မယ်ရုံ။ | ၁၅ |
| .... | ... | .... ကိုရှမ်း-မရာပို။ | ၁၀ |
| .... | .... | မရွှေအိုင်၊မရွှေမှိန်။ | ၁၅ |
| .... | .... | ....မောင်ဒိုး၊မစော။ | ၁၀ |
| .... | .... | မောင်တင်- မစိန်ခင်။ | ၅ |
| .... | .... | .... မညို။ | ၅ |
| .... | .... | .... မသင်ပု။ | ၅ |
| .... | .... | ဒေါ်ပိန်-မကာလ်မ။ | ၅ |
| .... | .... | မဝိုးတင်-မညွန့်စိန်။ | ၅ |
| .... | .... | .... မသန်းမိ။ | ၅ |
| .... | .... | .... မရွှေအုံ။ | ၅ |
| .... | လှည်းလမ်းကူးရွာ၊ | မောင်ဘိုးခြို၊မစိန်ပွါး | ၅ |
| .... | ပန်းဆွဲသမ်း။ | .... မကင်းစိန်။ | ၅ |
| .... | .... | ကုန်သည်-မရွှေမြင့်။ | ၅ |
| .... | ... | ဒေါ်ပွေး၊ | ၃ |